# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်    ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်၊ သောကြာနေ့    အတွဲ (၆၁)၊ အမှတ် (၁၄၁)


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံဟော်နန်းပုံစံတူ တည်ဆောက်ရေးလုပ်ငန်း၊ ရတနာအုတ်မြစ်တော်စီ အခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ နောင်တုံကန်အနီးရှိ ဟော်နန်းဥယျာဉ်မြေ၊ ဟော်နန်းမြေနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသည့်နေရာတွင် ကျိုင်းတုံဟော်နန်းပုံစံတူ တည်ဆောက်ရေးလုပ်ငန်း ရတနာအုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသ

စာမျက်နှာ ၃ ကော်လံ ၁ ❖




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံဟော်နန်းပုံစံတူ တည်ဆောက်ရေးလုပ်ငန်း ရတနာအုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားသို့ တက်ရောက်စဉ်။




## ထာဝစဉ်တည်တံ့စေရေးအတွက် ထိန်းသိမ်းရမည့်အမွေအနှစ်များ

၂၀၁၄ ခုနှစ် ဇွန်လတွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသများအဖြစ် သတ်မှတ်ခံခဲ့ရသည့် ပျူမြို့ဟောင်းများဖြစ်သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာတို့ကို စနစ်တကျတူးဖော်ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်းသို့ ဖေဖော်ဝါရီ ၉ ရက်နေ့က သွားရောက်လေ့လာကြည့်ရှုခဲ့စဉ် သက်ဆိုင်ရာတာဝန်ရှိသူများအား ဆွေးနွေးပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

အရှေ့တောင်အာရှတွင် အစောဆုံးမြို့ပြယဉ်ကျေးမှု(Civilization) ဖြစ်သော ပျူယဉ်ကျေးမှုသည် ဘီစီ ၃ ရာစု၊ ၂ ရာစုမှစတင်ခဲ့ကာ အေဒီ ၄ ရာစုမှ ၉ ရာစုအတွင်း အထွတ်အထိပ်သို့ရောက်ရှိခဲ့သည်ဟု ပညာရှင်တို့က သုံးသပ်ခဲ့ကြသည်။ ထိုကာလသည် ဇဟိုအမေရိကဒေသရှိ ကမ္ဘာကျော် မာယာလူမျိုးတို့၏ မာယာယဉ်ကျေးမှုနှင့်ခေတ်ပြိုင်ကာလပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပုဂံခေတ်မတိုင်မီ ပျူနိုင်ငံတော်ကြီးရှိခဲ့ပြီး ရာစုနှစ်များစွာ ကြာမြင့်တည်တံ့ခဲ့ကြောင်း အိမ်နီးချင်းနိုင်ငံမှ သမိုင်းမှတ်တမ်းများတွင်လည်း အထောက်အထားများရှိနေသည်။ ရှေးဟောင်းပျူမြို့များမှ အကြွင်းအကျန်များအပြင် ပျူယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အထောက်အထားများကို မျက်မှောက်ခေတ် မြန်မာနိုင်ငံ၏ နယ်နိမိတ်ကျော်လွန်၍ပင် တွေ့ရှိရသည်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းသုံးမြို့တွင် သရေခေတ္တရာမြို့ဟောင်းက အရွယ်အစားအကြီးဆုံးဖြစ်ပြီး ဗိဿနိုးက သရေခေတ္တရာ၏ ၆၃ ဒသမ ၆ ရာခိုင်နှုန်း၊ ဟန်လင်းက သရေခေတ္တရာ၏ ၃၃ ဒသမ ၆ ရာခိုင်နှုန်း အရွယ်အစားကိုယ်စီရှိကြသည်။

ပျူမြို့ဟောင်းများ သုတေသနပြုတူးဖော်မှုလုပ်ငန်းများမှာ ပြီးပြည့်စုံမှုမရှိသေးဘဲ နှစ်အလိုက် ဆောင်ရွက်နေခြင်းဖြစ်ရာ ကာလကြာမြင့်သည်နှင့်အမျှ ရှေးဟောင်းပစ္စည်းတူးဖော်ခိုးယူမှုများ၊ ရှေးဟောင်းအမွေအနှစ်နယ်မြေပေါ် အိမ်ရာများကျူးကျော်ဆောက်လုပ်နေထိုင်မှု၊ ထွန်ယက်စိုက်ပျိုးမှု၊ မြေကြီးတူးယူမှုစသဖြင့် လူတို့၏ပယောဂများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်နိုင်သည့်အန္တရာယ်ရှိနေသည်။ ပျူမြို့ဟောင်းများအနက် အကြီးဆုံးဖြစ်သည့် သရေခေတ္တရာကို ရန်ကုန်-ပြည်ရထားလမ်းက အလယ်တည့်တည့်မှ ဖြတ်သန်းဖောက်လုပ်ခဲ့ရာ မြို့ရိုးအရှေ့တောင်ဘက်နှင့် အနောက်မြောက်ဘက်တို့တွင် နှစ်နေရာဖျက်ခံခဲ့ရသည်။ ထုထည်ကြီးမားလှသည့် သရေခေတ္တရာ၏ မြောက်ဘက်မြို့ရိုးဟောင်းပေါ်တွင်လည်း ပြည်-ပေါင်းတလည်-ပေါက်ခေါင်းကားလမ်းကို တင်၍ဖောက်လုပ်ခဲ့ရာ ရှေးဟောင်းအမွေအနှစ်တို့၏ တန်ဖိုးကို မသိနားမလည်ခြင်း သို့မဟုတ် ရည်ရွယ်ချက်ဖြင့် ဖျက်ဆီးခြင်းဟူ၍ပင် ဆိုသင့်တော့သည်။

မိမိနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ခြင်းဖြင့် တိုင်းပြည်အပေါ် တန်ဖိုးထားမှုနှင့် မျိုးချစ်စိတ်ရှင်သန်ထက်မြက်မှု၊ တိုင်းပြည်၏ ရှေးဟောင်းယဉ်ကျေးမှုကို တန်ဖိုးထားဂုဏ်ယူမှုတို့ကို ဖြစ်ပေါ်လာအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားခဲ့ရာ မြေပေါ်မြေအောက်တွင် တည်ရှိနေသည့် ရှေးဟောင်းအမွေအနှစ်များက နိုင်ငံနှင့်လူမျိုးတို့၏ သမိုင်းအစဉ်အလာကြီးမြင့်မှုနှင့် ယဉ်ကျေးမှုမြင့်မားမှုတို့ကို ခိုင်မာသည့် သက်သေသာဓကများအဖြစ် ပြောပြကြလိမ့်မည်ဖြစ်သည်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေး၊ မပျက်မစီးအောင် ကာကွယ်စောင့်ရှောက်ရေးတို့ကို ဒေသခံများနှင့်တကွ ပြည်သူလူထုတစ်ရပ်လုံးကပါ မိမိတို့၏ တာဝန်အဖြစ်ခံယူကာ အမျိုးသားရေးတာဝန် ကျေပွန်နိုင်ကြပါစေကြောင်း။ ။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၏ (၂၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## အမှုများကို ကြန့်ကြာမှုမရှိစေဘဲ မှန်ကန်မြန်ဆန်စွာ စစ်ဆေးပြီးပြတ်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်




ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး (၂၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၇

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၏ (၂၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်၍ အမှာစကား ပြောကြားသည်။**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက တရားရုံးများသည် အမှုအခင်းများကို မှန်မှန်နှင့် မြန်မြန်ပြီးပြတ်အောင် စစ်ဆေးစီရင်ကြရန်နှင့် မျှတမှန်ကန်သည့် အဆုံးအဖြတ်များကို ပြုကြရန်လိုကြောင်း၊ အဆင့်မြင့်တရားရုံးများကလည်း လက်အောက်တရားရုံးများ အနေနှင့် အမှုများ မှန်မှန်နှင့် မြန်မြန်ပြီးပြတ်ရေးကို အမြဲမပြတ် ကြီးကြပ်ပေးရန်လိုကြောင်း၊ ထို့ပြင် လက်အောက်တရားရုံးများ၏ စစ်ဆေးစီရင်ဆုံးဖြတ်ချက်များ ဥပဒေနှင့် ညီညွတ်မျှတမှန်ကန်မှု ရှိမရှိ စိစစ်ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ပြီး မှားယွင်းချွတ်ချော်မှုများကိုလည်း ပြင်ဆင်တည့်မတ်ပေးရန်လိုကြောင်း၊ သို့မှသာ ဥပဒေနှင့် ညီညွတ်မျှတမှန်ကန်သည့် ဆုံးဖြတ်ချက်များကို ရရှိကြမည်ဖြစ်ကြောင်း၊ သီးသန့်တရားရုံးဖြင့် စစ်ဆေးနေသည့်အမှုများကိုလည်း ကြန့်ကြာမှုမရှိစေဘဲ မှန်ကန်မြန်ဆန်စွာ စစ်ဆေးပြီးပြတ်ရေးအတွက် အလေးထားဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ တာဝန်ကျေပွန်မှုနှင့် ဌာနအတွင်း အထက်အောက်ရိုသေလေးစားမှု၊ စည်းလုံးညီညွတ်မှုရှိစေရေးကိုလည်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ၏ ပဉ္စမနှစ် လုပ်ငန်းအစီအစဉ် (၂၀၂၂ ခုနှစ်) အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မှုခင်းများစစ်ဆေးစီရင်ခဲ့မှုနှင့်စပ်လျဉ်းပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်** ရာဇဝတ်အမှုပေါင်း **၅၆၆** မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၄၈၅ မှုအပါအဝင်) **၁၀၅၁** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း **၁၁၀၇** မှု လက်ခံရရှိပြီး ယခင်နှစ် အမှုလက်ကျန် **၃၉၀** မှု အပါအဝင် **၁၄၉၇** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များတွင်** ရာဇဝတ်အမှုပေါင်း **၂၁၃၇** မှု လက်ခံရရှိပြီး ယခင်နှစ် အမှုလက်ကျန် **၁၇၉၈** မှု အပါအဝင် **၃၉၃၅** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း **၁၆၈၉** မှု လက်ခံရရှိပြီး ယခင်နှစ် အမှုလက်ကျန် **၂၁၈၆** မှု အပါအဝင် **၃၈၇၅** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများတွင်** ရာဇဝတ်အမှုပေါင်း **၁၂၉၂၁** မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် **၆၂၄** မှု အပါအဝင်) ၁၃၅၄၅ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမ အမှုပေါင်း **၇၂၄၃** မှု လက်ခံရရှိပြီး **၆၃၅၀** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **မြို့နယ်တရားရုံးများတွင်** ရာဇဝတ်အမှုပေါင်း **၁၁၅၇၉၈** မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၂၀၀၄၆ မှုအပါအဝင်) **၁၃၅၈၄၄ မှု စစ်ဆေးပြီးပြတ်**ကြောင်း၊ တရားမအမှုပေါင်း **၁၃၀၁၉** မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၁၅၁၂ မှု အပါအဝင်) **၁၄၅၃၁ မှု စစ်ဆေးပြီးပြတ်**ကြောင်း၊ ဥပဒေအရတည်ထောင်သော အခြားတရားရုံးများဖြစ်သည့် **ကလေးသူငယ်တရားရုံး (ရန်ကုန်နှင့်မန္တလေး)** တွင် ကလေးသူငယ်ဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း **၂၉၀** မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၉၈ မှု အပါအဝင်) **၃၈၈ မှု စစ်ဆေးပြီးပြတ်**ကြောင်း၊ **စည်ပင်သာယာတရားရုံး (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး)** တို့တွင် စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း **၁၇၉၀** မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၆၉ မှု အပါအဝင်) **၁၈၅၉** မှု **စစ်ဆေးပြီးပြတ်**ကြောင်း၊ **မော်တော်ယာဉ်တရားရုံး (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး)** တို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်၍ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း **၂၉၃၇၉** မှုကို စစ်ဆေးစီရင်နိုင်ခဲ့ကြောင်းနှင့် အမှုများကို ကြန့်ကြာမှုမရှိစေဘဲ မှန်ကန်မြန်ဆန်စွာ စစ်ဆေးပြီးပြတ်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးများ၊ ခရိုင်တရားသူကြီးများသည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။ အစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံဟော်နန်းဆိုင်ရာ အချက်အလက်များကို ကြည့်ရှုစဉ်။

❖ *ရှေ့ဖုံးမှ*

တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကျိုင်းတုံနယ်ရှင် စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျဲန်၏ ဆွေတော်မျိုးတော်များ၊ အလှူရှင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှမ်း၊ လားဟူ၊ “ဝ”၊ အာခါ၊ လီဆူတိုင်းရင်းသားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် အခမ်းအနားပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက ရှမ်းရိုးရာအကအလှများဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

**ရတနာအုတ်မြစ်တော်များစီသွင်း**

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ကျိုင်းယင်းကျောင်းတိုက်ဆရာတော်ကြီး အမှူးပြုသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရတနာအုတ်မြစ်တော်စီမည့် သက်ဆိုင်ရာနေရာအသီးသီး၌ နေရာယူကြပြီး မင်္ဂလာအချိန်ရောက်ရှိသည်နှင့် တစ်ပြိုင်နက် ဗဟို၊ အရှေ့၊ အနောက်၊ တောင်၊ မြောက်တို့တွင် ရတနာအုတ်မြစ်တော်များကို စီသွင်းကြပြီး ပရိတ်နံ့သာရေများ ပက်ဖျန်းပေးကြကာ အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်၊ သံဃာတော်ကြီးများ၏ ကျန်းမာရေးဆိုင်ရာများအား ရိုသေစွာ မေးမြန်းလျှောက်ထားသည်။ ဆက်လက်ပြီး ကျိုင်းတုံဟော်နန်းဆိုင်ရာ အချက်အလက်များကို ကြည့်ရှုကာ အခမ်းအနားမှ ပြန်လည်ထွက်ခွာရာ ဒေသခံ တိုင်းရင်းသားပြည်သူများက ရိုးရာအကအလှများဖြင့် ဂါရဝပြုနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျဲန်၏ ကျိုင်းတုံဟော်နန်းကြီးကို နောင်တုံကန်အနီးရှိ ဟော်နန်းဥယျာဉ်မြေ၊ ဟော်နန်းမြေနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသည့် မြေနေရာ၌ ပုံစံတူပြန်လည်တည်ဆောက်နိုင်ရေး ဆွေတော်မျိုးတော်တို့နှင့် ဒေသခံများ၏ ဆန္ဒအရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ မိုင်းပွန်ဟော်နန်း အဆောက်အဦကြီးနှင့် သိန်းနီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ သိန်းနီဟော်နန်း အဆောက်အဦတို့သည်လည်း ပျက်စီးယိုယွင်းလျက်ရှိသဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရာ မိုင်းပွန်ဟော်နန်းကြီးသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်းနှင့် သိန်းနီဟော်နန်းကြီးသည် ပြီးစီးမှုရာခိုင်နှုန်း ၆၀ ကျော်ရှိပြီဖြစ်ကြောင်း၊ ထို့ပြင် ကချင်ပြည်နယ် မိုးမောက်မြို့နယ် ပန်မူကျေးရွာရှိ ၁၉၅၈ ခုနှစ်ကတည်းက တည်ရှိခဲ့သည့် နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်းတော်ကြီးသည်လည်း ၂၀၁၁ ခုနှစ်တွင် လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်ပျက်စီးခဲ့ရသဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်အရ နဂိုမူလပုံစံမပျက် ပြန်လည်ပြုပြင်မွမ်းမံပေးခြင်း၊ အသင်းတော်အဆောင်၊ မူကြိုကျောင်း၊ မီးဖိုဆောင်နှင့် ဘုရားကျောင်းအဝင်လမ်းများကို ပြုပြင်၊ မွမ်းမံ၊ ဖောက်လုပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုကဲ့သို့ တိုင်းရင်းသားတို့၏ သမိုင်းဝင်အဆောက်အဦများ၊ ဘာသာရေးအဆောက်အဦများကို မူလပုံစံမပျက် ပြန်လည်ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းအစဉ်အလာကြီးမားမှုကို ဖော်ပြနိုင်မည်ဖြစ်ကြောင်းနှင့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး တစ်လေတည်းရှူနေကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအချင်းချင်း ခင်မင်ရင်းနှီးမှု၊ ယုံကြည်မှု၊ အေးချမ်းသာယာမှုနှင့် လူမှုစီးပွားတိုးတက်စေမှုတို့ကို များစွာ အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ သစ်တစ်ပင်တောင် အပန်းဖြေဥယျာဉ်သို့ ရောက်ရှိကြပြီး အလောင်းမင်းတရားကြီး လက်ထက် ၁၇၅၃ ခုနှစ်တွင် စိုက်ပျိုးခဲ့သည့် ကညင်ဖြူပင်ကြီးနှင့် ဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးထားရှိမှုများကို လိုက်လံကြည့်ရှုလေ့လာကြသည်။ ယင်းနောက် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သမိုင်းဝင်နေရာတစ်ခုဖြစ်သဖြင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေ၊ ခရီးသွားပြည်သူများ စိတ်လက်ကြည်နူးချမ်းသာစွာဖြင့် လေ့လာကြည့်ရှုနိုင်ရေး ဆောင်ရွက်ထားရှိရန် လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံမြို့ သစ်တစ်ပင်တောင် အပန်းဖြေဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ပြည်သူများအားလုံး ပျော်ပျော်ရွှင်ရွှင်ဖြင့် ကိုယ့်ဘဝကိုယ် တိုးတက်အောင် ဆောင်ရွက်နိုင်ရန် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်

## ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် ရှမ်းပြည်နယ်အနေဖြင့် ပညာရေးကို ယခုထက် ပိုမိုအားပေးဆောင်ရွက်ကြရန်လို

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ မိုင်းပျဉ်းမြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်နှင့် ခိုလမ်မြို့တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ယနေ့တွင် အဆိုပါမြို့နယ်များရှိ မြို့နယ်ခန်းမများ၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမများ၌ သီးခြားစီတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကျိုင်းတုံမြို့နယ်၊ မိုင်းပျဉ်းမြို့နယ်၊ လွိုင်လင်ခရိုင် နမ့်စန် မြို့နယ်နှင့် ခိုလမ်မြို့မှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ခွဲ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဥက္ကဋ္ဌ ဦးရဲနိုင်၊ မိုင်းပျဉ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း၊ နမ့်စန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်မိုးနှင့် မြို့မိမြို့ဖများက ဒေသဆိုင်ရာ အချက်အလက်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ လမ်း၊ တံတားများ တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်း ဆောင်ရွက်နေမှု၊ ပန်းခင်းစီမံချက်ဖြင့် ဒေသခံ တိုင်းရင်းသား ပြည်သူများကို နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပြုလုပ်ပေးနေမှု၊ နယ်စပ်ကုန်သွယ်မှု လုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်နေမှု၊ စိုက်ပျိုးရေးထွက်ကုန်များ အတွက်နှုန်းတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်နေမှုနှင့် သဘာဝခေတ်မြေဩဇာများရရှိနိုင်ရေး ဆောင်ရွက်နေမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ ဒေသအတွင်း လျှပ်စစ်ဓာတ်အားဖူလုံမှုရှိစေရေးအတွက် ရေအား လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစီမံကိန်းများ ဖော်ဆောင်ပေးရန် လိုအပ်မှု၊ ကျန်းမာရေးနှင့် ပတ်သက်၍ ဆေးရုံများ အဆင့်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်မှုနှင့် အခြားဒေသ၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွက် လက်ဆောင်ပစ္စည်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးအပ်စဉ်။

### ရှင်းလင်းပြောကြား

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးကိုကို၊ ဦးလှမိုး၊ ဒေါက်တာ ညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းတို့က ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအလိုက် ရှင်းလင်းပြောကြားရာတွင် ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသများတွင် လမ်း၊ တံတားများ တည်ဆောက်ပေးမှု၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် လူသားအရင်းအမြစ်များ ပေါများစေရေး ဒေသခံပြည်သူများ ပညာရည်မြင့်မားစေရေး ဖွံ့ဖြိုးရေးသင်တန်းများ၊ ဒီဂရီကောလိပ်များနှင့် တက္ကသိုလ်များ ဖွင့်လှစ်သင်ကြားပေးနေမှု၊ ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရားကြီးကို ရှေးဟောင်းသမိုင်းဝင်အဖြစ် သတ်မှတ်ပေးသွားမည့် အခြေအနေ၊ စာသင်ကျောင်းများတွက် လိုအပ်သည့် စာအုပ်စာစောင်များကို စာကြည့်တိုက်များအတွက် ပြည့်စုံစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးထားမှု၊ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နေမှုနှင့် ခေတ်မီစက်ကိရိယာပစ္စည်းများ လိုအပ်နေမှု၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နေမှုနှင့် ဌာနဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

### အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ပြောကြားရာတွင် မိမိအနေဖြင့် ယခုကဲ့သို့ နိုင်ငံတော်အဆင့် တာဝန်ရှိသူများနှင့်အတူ လာရောက်ခြင်းသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို မှန်မှန်ကန်ကန်နှင့် မြန်ဆန်စွာ ဖြည့်ဆည်းပေးရေး လာရောက်ခြင်းဖြစ်သည့်အတွက် ဒေသ၏ ယေဘုယျအခြေအနေနှင့် ဒေသ၏လိုအပ်ချက်များကို အချိန်တိုအတွင်း ထိထိရောက်ရောက် တင်ပြကြရန် လိုကြောင်း၊ ဒေသအတွင်း လာရောက်၍တာဝန်များကို ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံတပ်များနှင့် ဒေသခံပြည်သူလူထုတို့ လက်တွဲညီညီ ဆောင်ရွက်ပြီး ဒေသနှင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို တတ်စွမ်းသရွေ့ အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မိမိအနေဖြင့် ကျိုင်းတုံမြို့သို့ အကြိမ်ကြိမ်ရောက်ရှိခဲ့ကြောင်း၊ မဟာမြတ်မုနိဘုရားကြီး၏ ရာပြည့်အခမ်းအနားကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ ကျိုင်းတုံနယ်ရှင် စော်ဘွားကြီး

*စာမျက်နှာ ၅ သို့*

စာမျက်နှာ ၄ မှ

စဝ်ကွန်ကျောက်အင်းထလျဲန်က တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယနေ့နံနက်ပိုင်းတွင်လည်း စော်ဘွားကြီး၏ ကျိုင်းတုံဟော်နန်း ပုံစံတူ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ရတနာအုတ်မြစ်တော်စီအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထို့ပြင် မိုင်းပွန်မြို့ရှိ မိုင်းပွန်ဟော်နန်းနှင့် သိန်းနီမြို့ရှိ သိန်းနီဟော်နန်းအဆောက်အဦတို့သည်လည်း ပျက်စီးယိုယွင်းလျက်ရှိသဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ပေးလျက်ရှိရာ မိုင်းပွန်ဟော်နန်းသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်းနှင့် သိန်းနီဟော်နန်းကြီးသည် ပြီးစီးမှုရာခိုင်နှုန်း ၆၀ ကျော်ရှိပြီဖြစ်ကြောင်း၊ တိုင်းရင်းသားများအားလုံးတွင် သမိုင်းကြောင်းများရှိကြောင်း၊ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းမှ ဦးဆောင်၍ ဆောင်ရွက်ခဲ့ခြင်းရှိသကဲ့သို့ အခြားသော နိုင်ငံ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ခဲ့သည့် တိုင်းရင်းသားခေါင်းဆောင်များလည်းရှိကြောင်း၊ အဆိုပါ တိုင်းရင်းသား ခေါင်းဆောင်များ၏သမိုင်းကို အားလုံးပြည့်ပြည့်စုံစုံဖြင့် ဖော်ပြရန်လိုကြောင်း၊ အခြား ပြည်ပနိုင်ငံများတွင်လည်း ၎င်းတို့၏ ဘုရင်အဆက်ဆက်အသုံးအဆောင်များ၊ အဆောက်အဦများကို နိုင်ငံအလိုက် ထုံးတမ်းစဉ်လာများနှင့်အညီ တည်ဆောက်ပြသထားသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် သမိုင်းများကို ပြန်လည်ဖော်ထုတ်ရန်အတွက် ယခုကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျိုင်းတုံဟော်နန်း တည်ဆောက်ပြီးစီးချိန်တွင်လည်း အသုံးအဆောင်ပစ္စည်းများကို ပြသသွားမည်ဖြစ်ကြောင်း၊ သမိုင်းကို ဖော်ထုတ်ခြင်းဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဂုဏ်ကို ဖော်ပြနိုင်မည်ဖြစ်ကြောင်း။

### လမ်းပန်းဆက်သွယ်ရေး

ယခင်က ကျိုင်းတုံမြို့သည် လမ်းပန်းဆက်သွယ်မှုခက်ခဲခဲ့ကြောင်း၊ မိမိအနေဖြင့် ကျိုင်းတုံမြို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ ကျိုင်းတုံလေဆိပ် အဆင့်မြှင့်တင်ရေးအတွက်လည်း အဆင့်ဆင့်တင်ပြ၍ ဆောင်ရွက်ခဲ့ကြောင်း၊ လျှပ်စစ်မီးနှင့်ပတ်သက်၍လည်း ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည့် ရေအရင်းအမြစ်များစွာ ရှိပြီးဖြစ်ကြောင်း၊ ယခင်က ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်ဖော်နိုင်မှုမရှိခဲ့ကြောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းသည် ရေမြေသဘာဝအားဖြင့် အရင်းအမြစ်များစွာရှိသော်လည်း အသုံးချနိုင်မှု နည်းပါးကြောင်း၊ လျှပ်စစ်ဓာတ်အား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့နယ်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံပွဲတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

> **“ပညာတတ်များ ပေါကြွယ်ဝခြင်းသည် ဒီမိုကရေစီစနစ် ဖော်ဆောင်ရန်နှင့် တိုင်းပြည်၏ အနာဂတ်ကောင်းကို ပိုင်ဆိုင်ခြင်းပင်ဖြစ်သည့်အတွက် နိုင်ငံတကာတွင်လည်း နိုင်ငံအလိုက် ပညာရည်မြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ”**

လုံလောက်စွာရရှိရေးအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

### စနစ်တကျကြပ်မတ်ဆောင်ရွက်

ယခင်က တာချီလိတ်ဒေသတွင် မူးယစ်ဆေးဝါးပြဿနာများရှိခဲ့ပြီး ထိန်းချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စုစာရင်းများ စစ်ဆေးဆောင်ရွက်ရာ၌ တိုင်းရင်းသားမဟုတ်ဘဲ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရယူကိုင်ဆောင်ထားခဲ့သည်ကို တွေ့ကြုံခဲ့ရကြောင်း၊ ယခုအခါ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးရာတွင် တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း။

### ဒေသတွင်းစားရေရိက္ခာဖူလုံရေး

နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံရေးဆိုင်ရာကိစ္စရပ်များနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုပါ ထည့်သွင်းစဉ်းစား၍ ဆောင်ရွက်ရကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသတွင်း စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ မိမိအနေဖြင့် တိုင်းမှူးတာဝန်ထမ်းဆောင်ချိန်တွင် စပါးစိုက်ပျိုးမှုများ အထွက်နှုန်းတိုးစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေးအတွက်လည်း သက်ဆိုင်ရာသို့ တင်ပြဆောင်ရွက်ပေးခဲ့ကြောင်း၊ ဒေသအတွင်း လက်ဖက်စိုက်ပျိုးမှု တိုးတက်စေရေး အားပေးဆောင်ရွက်ပေးခဲ့ကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ခိုလမ်၊ နမ့်စန်၊ ဟိုပုံး၊ အောင်ပန်း၊ ဟဲဟိုးဒေသများသည် မြေပြန့်လွင်ပြင်များဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများစွာရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် သမ္မာအာဇီဝကျသည့် စီးပွားရေးလုပ်ငန်းများဖြင့်သာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

### စား၊ ရေ၊ ရိက္ခာ ဖူလုံရေး

မိမိအနေဖြင့် အမျိုးသားရည်မှန်းချက်များ ချမှတ်ထားပြီး အမျိုးသားရေးလုပ်ငန်းစဉ် ၂ ခုအဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာ ဖူလုံရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိကြောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ် ၂ ခုအဖြစ် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရန်အတွက် ငြိမ်းချမ်းရေးသည် အရေးကြီးသဖြင့် ငြိမ်းချမ်းရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်ကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအားလုံး ပျော်ပျော်ရွှင်ရွှင်ဖြင့် ကိုယ့်ဘဝကိုယ်တိုးတက်အောင် ဆောင်ရွက်နိုင်ရန် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကိုးကွယ်ရာ ဘာသာတရားအဆုံးအမများဖြင့် အားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်နိုင်ကြရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ ရှိပြီးသား ရေနှင့်မြေအရင်းအမြစ်များကို အပြည့်အဝအသုံးချဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဓာတ်မြေဩဇာထုတ်လုပ်ရေးနှင့် ပတ်သက်၍ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဆိုပါ အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် မွေးမြူရေးလုပ်ငန်းများကို လှောင်မွေးသည့်စနစ်ဖြင့် စနစ်တကျ မွေးမြူဆောင်ရွက်မည်ဆိုပါက ဇီဝမြေဩဇာများရရှိနိုင်မည်ဖြစ်ကြောင်း၊ တိရစ္ဆာန်များအတွက် လိုအပ်သည့် အစာနှင့် ရေများကိုလည်း စနစ်တကျဖြင့် ကျွေးမွေးရန် လိုအပ်ကြောင်း၊ စိုက်ပျိုးမှုများမှ တိရစ္ဆာန်များအတွက် လိုအပ်သည့် အစာများကို ထုတ်လုပ်၍ တိရစ္ဆာန်များအား အာဟာရပြည့်ဝအောင် ကျွေးမွေးနိုင်ခြင်းဖြင့် အသားထုတ်လုပ်မှု ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်၍ ကုန်ချောများ ထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချ၍ရကြောင်း။

### ပညာရေးကိုအားပေးရန်လို

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် အသိပညာ၊ အတတ်ပညာများ လိုအပ်သဖြင့် ပညာရည်မြင့်မားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ပညာရေးအရအားနည်းသည်ကို တွေ့ရှိရပြီး ဘာသာစကားဆိုင်ရာ အခက်အခဲများနှင့် အခြားသော အကြောင်းအမျိုးမျိုးကြောင့် ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကို အားပေးရန်လိုကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် ရှမ်းပြည်နယ်အနေဖြင့် ပညာရေးဆိုင်ရာများကို ယခုထက် ပိုမိုအားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့်

စာမျက်နှာ ၇ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်အတွက် လက်ဆောင်ပစ္စည်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးအပ်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် မိုင်းပျဉ်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ အမှာစကား ပြောကြားစဉ်။

# တပ်မတော်သည် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရန်နှင့် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းဆောင်ရွက်ပေးသူ(Guardian)အဖြစ် စိတ်ဓာတ်ခံယူ၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်သွားကြရန်လို

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

လက်ရှိအချိန်တွင် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကို တာဝန်ယူထမ်းဆောင်ရလျက်ရှိပြီး ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များအတိုင်းသာ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ပြီး အောင်မြင်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာအောင်၊ အာမခံချက်ရှိအောင် လုပ်ဆောင်ရမည်ဖြစ်ပြီး **တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာအောင်ထိန်းသိမ်းစောင့်ရှောက်နေသည့်၊ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ပေးနေသည့် ထိန်းသိမ်းဆောင်ရွက်ပေးသူ (Guardian) အဖြစ် စိတ်ဓာတ်ခံယူ၍ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလို**ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ မိုင်းပျဉ်းတပ်နယ်နှင့် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ ခိုလမ်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား သီးခြားစီသွားရောက်တွေ့ဆုံ အမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခိုလမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်စဉ်။

> ❍ တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအောင် ထိန်းသိမ်းစောင့်ရှောက်နေသည့်၊ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ပေးနေသည့် ထိန်းသိမ်းဆောင်ရွက်ပေးသူ (Guardian) အဖြစ် စိတ်ဓာတ်ခံယူ၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလို

အဆိုပါ တွေ့ဆုံပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်း၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှမိုးနှင့် တာဝန်ရှိသူများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ မိုင်းပျဉ်းတပ်နယ်နှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ခိုလမ်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

## ဂုဏ်သိက္ခာရှိသည့် တပ်မတော်ဖြစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိုင်းပျဉ်းတပ်နယ်ရှိ နယ်မြေခံတပ်သည် သက်တမ်းကြာရှည်ပြီဖြစ်ပြီး ဒေသတွင်းနေထိုင်လာသည်မှာ ကြာမြင့်ပြီဖြစ်၍ ဒေသခံပြည်သူလူထုနှင့် တစ်သွေးတည်း တစ်သားတည်း ဖြစ်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ **ဒေသအတွင်း နယ်မြေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လာရောက် တာဝန်ထမ်းဆောင်နေကြသည့် နယ်မြေခံတပ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူလူထုတို့ လက်တွဲညီညီ ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊** ဒေသ၏ ဘာသာစကား မတူညီမှု၊ ဦးစီးဦးဆောင်ပြုသည့် တပ်အကြီးအကဲများ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမှုတို့ကြောင့် ဒေသခံများနှင့် ရင်းနှီးမှု၊ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်မှုတို့တွင် လိုအပ်ချက်များ ရှိနေသည်ဟု သုံးသပ်တွေ့ရှိရကြောင်း၊ လက်ရှိအချိန်တွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို တာဝန်ယူထမ်းဆောင်လျက်ရှိကြောင်း၊ တပ်မတော်၏ ခေတ်အဆက်ဆက် အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်ခဲ့သည့် အခြေအနေများကို နားလည်မှုလွဲမှားမှု၊ စိတ်သဘောထား မတိုက်ဆိုင်မှု၊ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မလွဲသာ၊ မရှောင်သာသော အခြေအနေများအရ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ရမှုတို့ကို လက်ခံနိုင်ခြင်းမရှိသူများအနေဖြင့် သွေးထိုးလှုံ့ဆော်နေမှုများ ရှိနေပြီး တပ်မတော်နှင့် ပြည်သူကို သွေးကွဲအောင် လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်သည် စတင်ဖွဲ့စည်းချိန်မှစ၍ ယခုအချိန်အထိ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်၊ အစဉ်အလာရှိသည့်၊ ဂုဏ်သိက္ခာရှိသည့် တပ်မတော်ဖြစ်ကြောင်း၊ ထို့ကြောင့် ထိုကဲ့သို့ ပြောဆိုနေမှုများကို လက်ခံ၍ ရနိုင်မည်မဟုတ်ကြောင်း။

ပြည်သူများ၏အကျိုးကို ဆောင်ရွက်သူများကိုသာ ပြည်သူများအနေဖြင့် လိုလားကြမည်ဖြစ်ကြောင်း၊ လက်တွေ့ပါသည့်စည်းရုံးရေးနှင့် လက်တွေ့မပါသည့် စည်းရုံးရေး နှစ်မျိုးရှိကြောင်း၊ လက်တွေ့ပါသည့် စည်းရုံးရေးသည် ပြည်သူများ၏

*စာမျက်နှာ ၇ သို့*

# ❖ ဒေသအတွင်း နယ်မြေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး အတွက် လာရောက်တာဝန် ထမ်းဆောင်နေကြသည့် နယ်မြေခံတပ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူလူထုတို့ လက်တွဲညီညီ ဆောင်ရွက်နိုင်ရမည်ဖြစ်

*စာမျက်နှာ ၆ မှ*

အကျိုးဖြစ်သည့် လူမှုဘဝစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့် ကျန်းမာရေး အကျိုးများကို ဆောင်ရွက်ကြခြင်းပင် ဖြစ်ကြောင်း၊ ယခုအချိန်တွင်လည်း မိမိအနေဖြင့် လက်တွေ့ပါသည့် ဆောင်ရွက်မှုများဖြင့် ပြည်သူများ၏ အကျိုးကို ဖော်ဆောင်ပေးလျက်ရှိကြောင်း။

### တပ်မတော်၏ ကာကွယ်ရေး စွမ်းပကားများ ကောင်းမွန်ရန်

မိမိအနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်ချိန်မှစ၍ ယခုအချိန်အထိ တပ်မတော်အတွင်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးနှင့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ တပ်မတော်သားများအတွက် လိုအပ်သည့် နေထိုင်ရေးနှင့် စားသောက်ရေးဆိုင်ရာများကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ တပ်မတော်သည် လွတ်လပ်ရေးရရှိပြီး အချိန်မှစ၍ နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံ၏သမိုင်းနှင့်အတူ အမျိုးသားနိုင်ငံရေးကို ဒွန်တွဲဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်အား နိုင်ငံရေးအရ အသုံးချခြင်း မခံရရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် လူဦးရေများပြားသည့် နိုင်ငံကြီးများအကြားတွင် နေထိုင်ကြရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်တပ်မတော်၏ ကာကွယ်ရေး စွမ်းပကားများ ကောင်းမွန်ရန်လိုကြောင်း။

### ရှင်းလင်းပြောကြား

တပ်မတော်သည် နိုင်ငံလွတ်လပ်ရေး ရရှိရန် ဆောင်ရွက်ခဲ့သကဲ့သို့နှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် ခိုင်မာသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် သမိုင်းအစဉ်အလာ ကောင်းမွန်သည့် အဖွဲ့အစည်းဖြစ်သော တပ်မတော်တွင် တာဝန်ထမ်းဆောင်ရာ၌ ဂုဏ်ယူစွာဖြင့် စွဲစွဲမြဲမြဲတာဝန်ထမ်းဆောင်လိုသည့် စိတ်ဓာတ်များ မွေးမြူဆောင်ရွက်ကြရန်လိုကြောင်း၊ **တပ်မတော်သားများ အားလုံးသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များဖြင့် တပ်မတော်သို့ ဝင်ရောက်ခဲ့ကြခြင်းဖြစ်သဖြင့် ၎င်းအချက်အပေါ် ဂုဏ်ယူသည့် စိတ်ဖြင့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း**၊ အတိတ်ကရှိခဲ့သည့် တပ်မတော်၏ ကောင်းမြတ်သည့် သမိုင်းကြောင်းများကို ခိုင်မာအောင် လုပ်ဆောင်ပေးထားပြီးဖြစ်သည့်အတွက် မိမိတို့၏ အနာဂတ်တပ်မတော်သားများကိုလည်း ကောင်းမွန်သည့် အစဉ်အလာကောင်းများ၊ စိတ်ဓာတ်ကောင်းများကို လက်ဆင့်ကမ်းနိုင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သည် မိသားစုတစ်ခုပင်ဖြစ်ပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအားလုံး မိသားစုစိတ်ဓာတ်၊ မောင်နှမစိတ်ဓာတ်များဖြင့် စည်းစည်းလုံးလုံးဖြင့် နေထိုင်ဆောင်ရွက်ကြစေလိုကြောင်း မှာကြားပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုအခြေအနေများ၊ နိုင်ငံ၏ ဒီမိုကရေစီအစိုးရသက်တမ်းတွင် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ယခုနိုင်ငံရေးဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာသည့် အကြမ်းဖက်မှုများအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မိုင်းပျဉ်းတပ်နယ်နှင့် ခိုလမ်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ မိုင်းပျဉ်းတပ်နယ်မှူးနှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ မိုင်းပျဉ်းတပ်နယ်မှူး၏ ဇနီးနှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ဇနီးတို့က လည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှက မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်စဉ်။

> **“တပ်မတော်သားများအားလုံးသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များဖြင့် တပ်မတော်သို့ ဝင်ရောက်ခဲ့ကြခြင်းဖြစ်သဖြင့် ၎င်းအချက်အပေါ် ဂုဏ်ယူသည့်စိတ်ဖြင့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်လို”**

---

*စာမျက်နှာ ၅ မှ*

နိုင်ငံတစ်ဝန်း ပညာရည်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့ဆောင်ရွက်နေခြင်းမှာ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားတိုးတက်ရေး၊ တစ်ဦးချင်း၏ ပညာတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ **ပညာတတ်များ ပေါကြွယ်ဝခြင်းသည် ဒီမိုကရေစီစနစ် ဖော်ဆောင်ရန်နှင့် တိုင်းပြည်၏ အနာဂတ်ကောင်းကို ပိုင်ဆိုင်ခြင်းပင်ဖြစ်သည့်အတွက် နိုင်ငံတကာတွင်လည်း နိုင်ငံအလိုက် ပညာရည်မြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း**၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဒေသတွင်းနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်စေရေး အမြဲမပြတ် ကြိုးပမ်းဆောင်ရွက်နေကြရန်လိုကြောင်း။

နယ်စပ်ကုန်သွယ်မှုနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် တိုးတက်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ကုန်သွယ်မှုပိုငွေများ တိုးတက်လာပြီဖြစ်ပြီး ဆက်လက်၍လည်း တိုးတက်လာမည်ဟု ယုံကြည်ကြောင်း၊ ပြည်ပသို့ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များတင်ပို့ရာတွင် အရည်အသွေးမီ အဆင့်မြင့်ထုတ်ကုန်များ တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လူသားအရင်းအမြစ်များ ပေါကြွယ်ဝစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာပါက ပြည်ပသို့ သွားရောက်လုပ်ကိုင်ဆောင်ရွက်မှုများ နည်းပါးသွားမည်ဖြစ်ကြောင်း။

### အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့

ကိုဗစ် -၁၉ ရောဂါ ကာကွယ် ကုသ ထိန်းချုပ်ရေးနှင့်ပတ်သက်၍ တတိယလှိုင်း ဖြစ်ပွားနေချိန်တွင် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သကဲ့သို့ အခက်အခဲဖြစ်ပေါ်လာချိန်၌ ရဟန်းရှင်လူ၊ ပြည်သူများအားလုံး၏ ဝိုင်းဝန်းကူညီလှူဒါန်းပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့မှုများကြောင့် အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကြောင်း၊ အဆိုပါ ကိုဗစ် - ၁၉ ရောဂါသည် လတ်တလောအချိန်တွင် ပျောက်ကင်း သွားနိုင်မှုမရှိသေးဘဲ ယခုအချိန်တွင် ၆ ရာခိုင်နှုန်းခန့် ကူးစက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ရာတွင် မျှော်မှန်းထားသည့် ၅၀ ရာခိုင်နှုန်းထက် ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း၊ သို့သော်လည်း ဂရုစိုက်နေထိုင်ကြရန်လိုကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါသည် အရှင်းပျောက်ကင်းသွားမည့် ရောဂါမဟုတ်သဖြင့် တတ်နိုင်သရွေ့ ကြိုတင်ကာကွယ်ခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်မည်ဖြစ်ကြောင်း၊ နေရာဒေသအလိုက် ဒေသတွင်း လာရောက်တာဝန်ထမ်းဆောင်နေသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံများအနေဖြင့် ဒေသအတွက် အမှန်တကယ် အကျိုးရှိမည့် လုပ်ငန်းများကို တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျိုင်းတုံမြို့နယ်၊ မိုင်းပျဉ်းမြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့နယ်တို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ အုပ်ချုပ်ရေးမှူးများက လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## ညောင်ရွှေမြို့၌ ကိုဗစ်-၁၉ ရောဂါ အသိပညာပေး လှုပ်ရှားမှုဆောင်ရွက်

**ညောင်ရွှေ ဖေဖော်ဝါရီ ၁၇**

ဒေသတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ပါးစပ်နှင့် နှာခေါင်းစည်း မျက်နှာအကာ စနစ်တကျတပ်ဆင် အသုံးပြုရေး လူထုအသိပညာပေး လှုပ်ရှားဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ် ညောင်ရွှေမြို့တွင်း အများပြည်သူ အသုံးပြုများသည့် လမ်းဆုံနေရာများ၊ လူစည်ကားရာနေရာများနှင့် စည်ပင်သာယာရေး ဌာနကွပ်ကဲမှုအောက်ရှိ မြို့မ မင်္ဂလာဈေးအတွင်း၌ ပြုလုပ်သည်။

အဆိုပါ လူထုအသိပညာပေး လှုပ်ရှားမှုကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်း ဦးဆောင်သည့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများတာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းနှင့် ပါးစပ်နှင့် နှာခေါင်းစည်း မျက်နှာအကာအခုရေ ၇၅၀ ကျော်ကို အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ ရောဂါနှင့် ဗီဇပြောင်းအိုမီခရွန်နှင့် ဒယ်လ်တာ ဗိုင်းရပ်စ်ပိုး ကူးစက်ဖြစ်ပွားမှု သတိပြုကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု တားဆီးကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ အသိပညာ ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## ❒ ပြည်သူလူထုအတွင်း ကိုဗစ်-၁၉ ကူးစက်မြန် အိုမီခရွန်ရောဂါပိုး မိမိအနီး ပတ်ဝန်းကျင်တွင် ရှိနေကြောင်း သတိပြုမိစေသည်အထိ အသိပညာ၊ ဗဟုသုတ များ နည်းလမ်းပေါင်းစုံဖြင့် ရောက်ရှိနိုင်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် ပေးကြရန် လိုအပ်မည်ဖြစ်ပြီး ပြည်သူလူထု တစ်ဦးချင်းအနေဖြင့်လည်း ပူးပေါင်းလိုက်နာဆောင်ရွက်ပေးရန်လိုအပ်

❒ *ကျောဖုံးမှ*

ဦးမြင့်ကြိုင်နှင့် ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး၊ ဦးထွန်းအုံ၊ ဦးဇော်ဝင်း၊ ဒေါက်တာ အေးထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

### ပိုးတွေ့ရာခိုင်နှုန်း မြင့်တက်လာ

ဦးစွာ ကိုဗစ် – ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလနောက်ပိုင်းမှစတင်၍ တဖြည်းဖြည်း မြင့်တက်လာသည်ကိုတွေ့ရကြောင်း၊ နိုင်ငံတကာတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ဆောင်ခြင်း၊ တာဝန်ထမ်းဆောင်ရန် နိုင်ငံတကာက ရောက်ရှိလာခြင်းများရှိပြီး ယင်းအဖွဲ့များမှ ကိုဗစ် Positive တွေ့ရှိသူ ပိုများကြောင်း၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်လာသူများကို စစ်ဆေးရာတွင်လည်း Positive တွေ့ရှိသူများရှိကြောင်း၊ ယခုဖြစ်ပွားနေသည့် အိုမီခရွန်သည် ယခင်ထက် ကူးစက်မှုပိုမြန်သည်ကို တွေ့ရကြောင်း၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် တစ်နိုင်ငံလုံး ပိုးတွေ့သည့် ရာခိုင်နှုန်းမှာ ၁ ဒသမ ၄၅ ရှိရာမှ ဖေဖော်ဝါရီ ၁၆ ရက်တွင် ပိုးတွေ့ရာခိုင်နှုန်း ၈ ဒသမ ၉၈ ရာခိုင်နှုန်းအထိ မြင့်တက်လာခြင်းဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကြပ်မတ်ထိန်းချုပ်နေသော်လည်း အိုမီခရွန် ကူးစက်မှုမှာ တဖြည်းဖြည်း တိုးလာကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် ပိုးတွေ့ရှိမှု ရာခိုင်နှုန်း အများဆုံးဖြစ်ပြီး ၂၀ ဒသမ ၉၉ ရာခိုင်နှုန်းရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် ပြည်ပမှ အဝင်အထွက်များခြင်း၊ နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသူများ၏ ဆုံရပ်ဖြစ်နေခြင်းတို့ကြောင့် သီးခြား SoP များ ထုတ်ပြန်ပြီး ထိန်းချုပ်ကြပ်မတ်ရန် ဆောင်ရွက်ထားကြောင်း၊ Quarantine စင်တာများ၊ Positive စင်တာများ၊ ကုသရေးစင်တာများကို နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံကြီးများတွင် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြောင်း၊ ထို့ပြင် အောက်ဆီဂျင် ပြတ်လပ်မှုမရှိအောင်လည်း စီမံဆောင်ရွက်ထားကြောင်း။

နိုင်ငံတော်အစိုးရနှင့် ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေးအတွက် လိုအပ်သည့်အစီအမံများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များ ထုတ်ပြန်၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့်လည်း ထုတ်ပြန်ထားသည့် ကိုဗစ် စည်းမျဉ်းစည်းကမ်းများကို တစ်ဦးချင်း တိတိကျကျ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါတတိယလှိုင်းတွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို စနစ်တကျ ထုတ်ပြန်ခဲ့ပြီး ပြည်သူတစ်ဦးချင်းစီက အသိစိတ်ဓာတ်ကိုယ်စီဖြင့် လိုက်နာဆောင်ရွက်ခဲ့ကြသည့်အတွက် ကူးစက်မှုနှုန်း သိသိသာသာ လျော့ကျသွားခြင်းဖြစ်ကြောင်း။

### ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်

ယခု ဖြစ်ပွားနေသည့် Omicron သည် Dalta မျိုးကွဲထက် ကူးစက်မှုနှုန်း ၄ ဆခန့် မြန်သည်ဟု သိရကြောင်း၊ ထို့ကြောင့် ယခု စတုတ္ထလှိုင်းတွင်လည်း ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာပေးကြရန် မေတ္တာရပ်ခံပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များအနေဖြင့်လည်း ဒေသခံပြည်သူများကို အသိပညာပေးခြင်း၊ စည်းမျဉ်းစည်းကမ်းများ လိုက်နာရန် မေတ္တာရပ်ခံခြင်း စသည့်ကိစ္စရပ်များကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက် ဆော်သြခြင်း၊ အသိပညာပေးခြင်း၊ ထိန်းချုပ်ကြပ်မတ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး နောက်ဆုံးလိုက်နာရမည့် SoP များကို ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ ပြည်သူအားလုံး တစ်ဦးချင်း တိတိကျကျလိုက်နာရန် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် အသိပညာပေးခြင်း၊ ဆွေးနွေးပွဲများ ဆောင်ရွက်ပေးခြင်းတို့အပြင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်သူလူထုအတွင်း ကိုဗစ်-၁၉ ကူးစက်မြန် အိုမီခရွန်ရောဂါပိုး မိမိအနီးပတ်ဝန်းကျင်တွင် ရှိနေကြောင်း သတိပြုမိစေသည်အထိ အသိပညာ၊ ဗဟုသုတများ နည်းလမ်းပေါင်းစုံဖြင့် ရောက်ရှိနိုင်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ပြီး ပြည်သူလူထု တစ်ဦးချင်းအနေဖြင့်လည်း ပူးပေါင်းလိုက်နာဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန် ကူးစက်ပျံ့နှံ့မှု၊ ရောဂါပိုးတွေ့ရှိမှုနှင့် သေဆုံးမှု၊ အိမ်နီးချင်းနိုင်ငံများ၌ အိုမီခရွန် ဖြစ်ပွားတွေ့ရှိမှု၊ စစ်ဆေးရေးစခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစစ်ဆေးဆောင်ရွက်နေမှု၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးမှုများနှင့် ကာကွယ်ဆေး ဆက်လက်ထိုးနှံရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် Booster ထိုးနှံပြီးစီးမှု၊ နိုင်ငံအတွင်း အောက်ဆီဂျင်ထုတ်လုပ်မှု၊ Positive လူနာများ ကုသနိုင်ရန် စီစဉ်ထားမှုနှင့် Quarantine Center များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

### ဆွေးနွေးတင်ပြ

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်သွားမည့် ကိုဗစ်-၁၉ ရောဂါ Omicron မျိုးကွဲ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကိုဗစ် – ၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# သင်ကြားသင်ယူမှုနှင့် စီမံရေးရာအရည်အသွေးများ ပိုမိုကောင်းမွန်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလို

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ကျိုင်းတုံတက္ကသိုလ် ခေမရဋ္ဌခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဘဏ္ဍာဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံသည်။ (ဓာတ်ပုံ)



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဆရာဆရာမများအနေဖြင့် ကျိုင်းတုံတက္ကသိုလ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဘွဲ့ရပညာတတ်လူငယ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ရေးအတွက် စိတ်စေတနာအပြည့်ဖြင့် မေတ္တာထား ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ ကျိုင်းတုံတက္ကသိုလ်တွင် သုတေသနကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်သုတေသနစင်တာ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တက္ကသိုလ်သုတေသနလုပ်ငန်းဆောင်ရွက်ရန်အတွက် အထောက်အကူဖြစ်စေမည့် စာအုပ်စာတမ်းများနှင့် Internet၊ Wifi ဆက်သွယ်ရေးစနစ်များ ကောင်းမွန်ရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သိပ္ပံဘာသာရပ်၊ ဝိဇ္ဇာဘာသာရပ်များအတွက် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ၊ လက်တွေ့ခန်းသုံးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မိမိတို့ တက္ကသိုလ်ဥပဓိရုပ်ကောင်းမွန်ရေး၊ စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာသည့် သင်ယူမှုဝန်းကျင်ကောင်းဖြစ်ရေးအတွက် အမြဲဂရုစိုက်ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ တက္ကသိုလ်၏ သင်ကြားသင်ယူမှုနှင့် စီမံရေးရာ အရည်အသွေးများ ပိုမိုကောင်းမွန်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျိုင်းတုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစန်းစန်းမာက ကျိုင်းတုံတက္ကသိုလ်၏ ဖွဲ့စည်းပုံအချက်အလက်များ၊ လက်ရှိဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မိုင်းပျဉ်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး မိုင်းပျဉ်းမြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးနှင့် အခြေခံပညာ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဆရာဆရာမများအနေဖြင့် မိမိတို့ကျောင်း၏ သင်ကြားသင်ယူရေးနှင့်စီမံခန့်ခွဲရေးများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ မည်သည့်ခွဲခြားဆက်ဆံမှုများမှ မရှိစေဘဲ ကျောင်းသားများအား အမှန်တကယ် နားလည်တတ်ကျွမ်းသူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးစေလိုကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားကာ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးအတွက် လိုအပ်ချက်များ၊ ကျောင်းစာကြည့်တိုက်အတွက် လိုအပ်သည့် ဆက်စပ်ပစ္စည်းများ၊ ကျောင်းဆောင်သစ်များ၊ ဝန်ထမ်းအိမ်ရာများ၊ ကျောင်းသား ကျောင်းသူများအတွက် အားကစားပစ္စည်းများ၊ ကျောင်းခြံစည်းရိုးအုတ်တံတိုင်းကာရံခြင်း၊ ကျောင်းသုံးကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ စသည်ဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် နမ့်စန်မြို့နယ်ရှိ ခိုလမ်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ နမ့်စန်မြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဂျပန်နိုင်ငံ Mainichi သတင်းစာမှ သတင်းထောက် Ms. Kana Takagi ၏ မေးမြန်းမှုများ ဖြေကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၇

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဂျပန်နိုင်ငံ Mainichi သတင်းစာမှ သတင်းထောက် Ms. Kana Takagi အား ယနေ့နံနက်ပိုင်းတွင် အွန်လိုင်းမှတစ်ဆင့် တွေ့ဆုံ၍ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဂျပန်နိုင်ငံ Mainichi သတင်းစာမှ သတင်းထောက် Ms. Kana Takagi အား အွန်လိုင်းမှတစ်ဆင့် တွေ့ဆုံမေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။

သတင်းထောက် Ms. Kana Takagi က မေးမြန်းရာတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ ခရီးသည်တင် လေယာဉ်များ ပြန်လည်လက်ခံမည့်အချိန်နှင့် ပြန်လည်လက်ခံရန် လိုအပ်သည့် အခြေအနေ၊ ဆိုရှယ်မီဒီယာများ ပျံ့နှံ့လာမှုကို အစိုးရအနေဖြင့် ထိန်းသိမ်းရာတွင် အခက်အခဲဖြစ်ပေါ်မှု ရှိ/မရှိ၊ စာနယ်ဇင်း လွတ်လပ်ခွင့်အပေါ် ရှုမြင်သုံးသပ်ချက်၊ ပိတ်ပင်ထားသည့် ပြည်တွင်းမီဒီယာများကို လိုင်စင် ပြန်လည်ပေးအပ်နိုင်မည့် အခြေအနေနှင့် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပသတင်းမီဒီယာများတွင် ဘယ်လိုသတင်းဖော်ပြချက်များ ပါရှိရန် မျှော်လင့်ထားပါသလဲ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ စတင်တာဝန်ယူချိန်မှ တစ်နှစ်အတွင်း ပြည်တွင်းစီးပွားရေး အခြေအနေအပေါ် သုံးသပ်ချက်၊ နိုင်ငံခြားကုမ္ပဏီများ ပြည်တွင်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလာစေရေး လုပ်ဆောင်လျက်ရှိသည့် အခြေအနေ၊ လာမည့်ရွေးကောက်ပွဲမှ တက်လာမည့် အစိုးရသစ်အား စီးပွားရေး စီမံခန့်ခွဲမှုများ လွှဲပြောင်းပေးအပ်နိုင်မည့် အခြေအနေ၊ ပြည်ထောင်စုဝန်ကြီး အနေဖြင့် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ် ရခိုင်ပြည်နယ်နှင့် ပတ်သက်သည့် ထင်မြင်ချက်နှင့် လာမည့်ရွေးကောက်ပွဲတွင် ကျင့်သုံးရန် ပြင်ဆင်နေသည့် PR စနစ်အပေါ် ရခိုင် နိုင်ငံရေးပါတီများ၏ သဘောထားတို့နှင့် စပ်လျဉ်း၍ မေးမြန်းခဲ့သည်။

မေးမြန်းချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားရာတွင် နိုင်ငံတကာ လေကြောင်းလိုင်းများကို ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်တွင် ကိုဗစ်-၁၉ အိုမီခရွန် ကူးစက်ပြန့်ပွားနေသည့်အတွက် ခေတ္တဆိုင်းငံ့ထားခြင်းဖြစ်ကာ ဖေဖော်ဝါရီ လကုန်အထိ ဆိုင်းငံ့ကာလကို တိုးမြှင့်ထားပါကြောင်း၊ ထိုသို့ ယာယီကန့်သတ်ထားသော်လည်း နေရပ်ကို ပြန်လည်ဝင်ရောက်လာမည့် နိုင်ငံသားများနှင့် နိုင်ငံခြားသားများအတွက် ကယ်ဆယ်ရေး လေယာဉ်ခရီးစဉ်များ၊ ကုန်စည်နှင့် ဆေးပစ္စည်း သယ်ယူပို့ဆောင်သည့် လေယာဉ်ခရီးစဉ်များနှင့် အရေးပေါ် လေယာဉ်ခရီးစဉ်များ စသဖြင့်ခရီးစဉ်များ ရှိပါကြောင်း၊ ခရီးသွားလာမှု သက်သက်ကိုသာ ယာယီကန့်သတ်ထားခြင်းဖြစ်ပါကြောင်း၊ ပြည်ပနိုင်ငံများနှင့် မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်သည့် အနေအထားများအပေါ်မူတည်ပြီး ပြန်လည်ဖွင့်လှစ်ရန် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဆိုရှယ်မီဒီယာအသုံးပြုမှုကို မိမိတို့အစိုးရအနေဖြင့် ထိန်းချုပ်ထားခြင်းမရှိပါကြောင်း၊ ဝက်ဘ်ဆိုက်များကို ဖွင့်လှစ်ပေးထားပါကြောင်း၊ ပြည်သူများက ဆိုရှယ်မီဒီယာကို အကျိုးရှိရှိ မှန်မှန်ကန်ကန်သုံးစွဲနိုင်ရန် လိုအပ်ပြီး ထိုအတွက်လည်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်မှုကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့ကလည်း တစ်လတစ်ကြိမ် သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး သတင်းအချက်အလက်များ ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ MRTV နှင့် MOI ဝက်ဘ်ဆိုက်များကလည်း သတင်းအမှန်များကို တင်ပေးလျက်ရှိပါကြောင်း၊ မိမိကိုယ်တိုင်ဦးစီးကာ နိုင်ငံခြားသံတမန်များကို ဖိတ်ခေါ်ရှင်းလင်းခဲ့သည်များလည်းရှိပါကြောင်း။

ဆိုရှယ်မီဒီယာ ပျံ့နှံ့မှုအပေါ် သတင်းအချက်အလက် ထိန်းထားနိုင်ရန် အခက်အခဲရှိပါကြောင်း၊ ပြည်သူများ သတင်းအမှန်သိအောင် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ သတင်းအမှန်များ လွှင့်နေသည့် MOI နှင့် MRTV တို့သည် YouTube , Facebook တို့တွင် ဖြုတ်ချခံထားရသည့်အတွက် ပြည်သူများ သတင်းတု၊ သတင်းအမှားများကို နေ့စဉ်ရင်ဆိုင်နေရသည့် အားနည်းချက်များရှိသော်လည်း တတ်နိုင်သမျှ သတင်းအမှန်များ မပြတ်ထုတ်လွှင့်မှုဖြင့် အားသာမှုရှိအောင် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

စာနယ်ဇင်း လွတ်လပ်ခွင့်နှင့် ပတ်သက်၍ ပိတ်ပင်တားဆီးထားခြင်း မရှိပါကြောင်း၊ စာနယ်ဇင်းလွတ်လပ်ခွင့်လည်း ရှိသင့်ပါကြောင်း၊ သို့သော် စည်းမျဉ်းစည်းကမ်းကို လိုက်နာရန်နှင့် အပြန်အလှန် လေးစားလိုက်နာရန် လိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် သတင်းမီဒီယာ ဥပဒေကို ပြဋ္ဌာန်းထားပြီး ထိုဥပဒေ၊ ကျင့်ဝတ်အတိုင်း လေးစားလိုက်နာကြပါက ပြဿနာမရှိပါကြောင်း၊ သို့သော် သတင်းမီဒီယာများအနေဖြင့် ထုတ်လွှင့်သည့် သတင်းများအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရမည့်အပြင် သတင်းအရင်းအမြစ် ခိုင်မာမှုရှိရမည် ဖြစ်ပါကြောင်း၊ စည်းကမ်းတကျ လိုက်နာ ဆောင်ရွက်ကြမည်ဆိုပါက ပိတ်ပင်တားဆီးစရာအကြောင်း မရှိပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းဌာနများ၊ သတင်းသမားများကို လိုက်နာကျင့်သုံးရမည့် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စာနယ်ဇင်း လွတ်လပ်ခွင့် အပြည့်အဝ ပေးထားပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိသည်ဟု ဖော်ပြထားပါကြောင်း၊ နိုင်ငံသားတိုင်း လွတ်လပ်စွာရေးသား ထုတ်ဝေဖြန့်ချိခွင့်ရှိသည့် သတင်းမီဒီယာလုပ်ငန်းများ ဖြစ်ပေါ်စေရန်နှင့် သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ ရရှိစေရန်ရည်ရွယ်၍ သတင်းမီဒီယာ ဥပဒေကို ပြဋ္ဌာန်းထားရှိခဲ့ပြီးဖြစ်ကြောင်း။

သတင်းမီဒီယာအခန်း (၃) တွင် သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်များ၊ အခန်း (၄) တွင် သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်နှင့် ကျင့်ဝတ်များကို သတ်မှတ်ထားပေးပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဥပဒေနှင့် မဆန့်ကျင်သည့် နိုင်ငံတော်အကျိုးကို မထိခိုက်စေသည့် သတင်းမှန်သမျှကို လွတ်လပ်စွာ ပြောဆိုခွင့်ရှိပါကြောင်း၊ စာနယ်ဇင်းလွတ်လပ်ခွင့်ကို အလေးအနက်ထားပါကြောင်း၊ သတင်းမီဒီယာ လွတ်လပ်ခွင့်နှင့် ပတ်သက်ပြီး ၂၀၁၂ ခုနှစ်နောက်ပိုင်း စာပေစိစစ်ရေး စနစ် ဖျက်သိမ်းပေးခဲ့ပါကြောင်း၊ သတင်းမီဒီယာကဏ္ဍကို စတုတ္ထမဏ္ဍိုင်ဟု သတ်မှတ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း အလေးထားပါကြောင်း၊ စာနယ်ဇင်းလွတ်လပ်ခွင့်ကို အပြည့်အဝ ပေးထားပါကြောင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်စေလိုပါကြောင်း။

စာနယ်ဇင်းကျင့်ဝတ်၊ ဥပဒေကို လေးစားလိုက်နာကြပါက မိမိတို့အနေဖြင့် ပိတ်သိမ်းစရာအကြောင်းမရှိပါကြောင်း၊ လက်ရှိတိုင်းပြည်၏ အချုပ်အခြာအာဏာနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြိုကွဲစေမည့်သတင်းများ၊ Hate Speech များ မပါဝင်ရန် မျှော်လင့်ပါကြောင်း၊ တစ်ဖက်စောင်းနင်း ဖြစ်စေမည့် သတင်းများ၊ လုပ်ကြံဖန်တီးနေသည့် သတင်းလား၊ တကယ့်အမှန်သတင်းလား သိချင်ပါက မိမိတို့နှင့် ဆက်သွယ်စေလိုပါကြောင်း၊ အမှန်တရားကို ဖော်ထုတ်ပြီး အမှန်တရားသတင်းကို ဖော်ပြစေလိုကြောင်း၊ ပြောချင်ရာပြောသည့် သတင်းများသည် အန္တရာယ်ကြီးမားပါကြောင်း၊ နိုင်ငံတည်ငြိမ် အေးချမ်းရေးကိုလည်း အထောက်အကူ မပြုပါကြောင်း၊ စည်းကမ်းနှင့် ငြိစွန်းသည့် တချို့သတင်းမီဒီယာအေဂျင်စီများကို ပိတ်ပင်ခဲ့သည်များ ရှိပါကြောင်း၊ ပြည်တွင်းမီဒီယာ အေဂျင်စီများကို လိုင်စင်ပြန်လည်ပေးအပ်နိုင်ရန်မှာ ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်မှုများအပေါ်တွင် မူတည်နေပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်ရေးရှုပြီး သတင်းရေးသားထုတ်လွှင့်မှုများ ပြုလာပါက ၎င်းတို့၏ လိုင်စင်များကို ပြန်လည်ပေးအပ်သွားမည် ဖြစ်ပါကြောင်း၊ အတတ်နိုင်ဆုံး ဖြေလျှော့ကာ မီဒီယာများနှင့် လက်တွဲသွားလိုပါကြောင်း၊ သည့်အတွက်လည်း အားလုံးကိုဖိတ်ခေါ်ထားပါကြောင်း၊ မီဒီယာများအနေဖြင့်လည်း နိုင်ငံ့အရေး၊ ပြည်သူ့အရေးကို ရှေးရှုလုပ်ဆောင်ပါက လိုင်စင်များကို ပြန်လည်ပေးအပ်သွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရ စတင်တာဝန်ယူချိန်တွင် နိုင်ငံ၏ စီးပွားရေးမှာ ကျဆင်းနေပြီးဖြစ်ပါကြောင်း၊ ယင်းမှာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပါကြောင်း၊ မိမိတို့ အစိုးရလက်ထက်တွင် စက်ရုံအလုပ်ရုံများကို တော်တော်များများ ပြန်ဖွင့်နေနိုင်ပြီဟု ပြောရမည်ဖြစ်ပါကြောင်း၊ တချို့ နိုင်ငံခြားကုမ္ပဏီများ ထွက်သည်ဆိုခြင်းမှာ နိုင်ငံရေးကြောင့် ဖြစ်ပါကြောင်း၊ NUG ၊ PDF အကြမ်းဖက် အဖွဲ့အစည်းများက အကြမ်းဖက်မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ၎င်းတို့ထွက်သွားရခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ စပြီး (FDI) နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု စီမံကိန်း ၁၈ ခုကို ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု (MIC) စီမံကိန်း ၁၅ ခုကို ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ ယခုအချိန်အထိ ဖေဖော်ဝါရီ ၁ ရက်မှစပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ရင်းနှီးမြှုပ်နှံကဏ္ဍ ၁၂ ခု၊ လုပ်ငန်းပေါင်း ၄၄ ခုတွင် အမေရိကန်ဒေါ်လာ ၃၈၂၃ သန်းကျော်ကို ခွင့်ပြုပေးခဲ့ရာ လျှပ်စစ်ကဏ္ဍတွင် ၃၀၆၂ သန်းဖြင့် အများဆုံးရင်းနှီးမြှုပ်နှံခဲ့ပါကြောင်း၊ အခြားဝန်ဆောင်မှုကဏ္ဍများတွင် ၂၃၇ သန်းကျော် ရင်းနှီးမြှုပ်နှံခဲ့ပါကြောင်း၊ စက်မှုကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၉၉ သန်းကျော် ရင်းနှီးမြှုပ်နှံခဲ့ပါကြောင်း၊ အမေရိကန်ဒေါ်လာ ၃၈၂၃ သန်းကျော်တွင် UK မှ အမေရိကန်ဒေါ်လာ ၂၅၀၄ သန်းနှင့် ဂျပန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၅၁၆ သန်း မြှုပ်နှံထားပါကြောင်း၊ စင်ကာပူနိုင်ငံမှ အမေရိကန်ဒေါ်လာ ၄၄၂ သန်း မြှုပ်နှံထားပါကြောင်း။

ယခင်နှစ်နှင့် နှိုင်းယှဉ်ချက်အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုသည် ယခုနှစ်အတွင်း လုပ်ငန်းအရေအတွက်ပေါင်း ၁၂၈ ခု လျော့နည်းသွားသော်လည်း ရင်းနှီးမြှုပ်နှံမှု ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ ၅၅၈ ဒသမ ၃၃၉ သန်း တိုးမြှင့်ဝင်ရောက်ခဲ့ပါကြောင်း၊ 

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

ထိုသို့ ရင်းနှီးမြှုပ်နှံမှုလုပ်ခဲ့သည့် အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှ နိုင်ငံသားလုပ်သား ၂၄၂၅၈ ဦး၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှ နိုင်ငံသားလုပ်သား ၁၁၇၀၄ ဦး စုစုပေါင်း နိုင်ငံသား ၃၅၉၆၂ ဦးအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခဲ့ပါကြောင်း။

အဓိက ကုန်သွယ်ဖက်ဖြစ်သော တရုတ်နိုင်ငံနှင့် Border Trade ကို ပုံမှန်ဖြစ်စေရန် ဖော်ဆောင်နေနိုင်ပြီး ကုန်သွယ်မှုတွင် ကျပ်နှင့် ယွမ်ကို အခြေခံသော ငွေပေးချေမှုကိုလည်း အောင်မြင်စွာဖြင့် လုပ်ဆောင်နေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဆက်လက်ရင်းနှီးမြှုပ်နှံရန် ဆန္ဒရှိနေသော နိုင်ငံများ များစွာရှိပါကြောင်း၊ ဥပမာ ဂျပန် လုပ်ငန်းရှင်အများစု ဆောင်ရွက်နေသော သီလဝါစက်မှုဇုန်တွင် လုပ်ငန်းလိုအပ်ချက် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ယခုအချိန်တွင် ဆူပူအကြမ်းဖက်မှု နည်းပါးလာပြီး ကျောင်းများ ပြန်ဖွင့်နေပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လုပ်ငန်းများကို အောင်မြင်စွာ ထိန်းသိမ်းနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ယခုထက် စီးပွားရေး တိုးတက်အောင် ပိုမိုလုပ်ဆောင်နိုင်မည် ဖြစ်ပါကြောင်း။

နိုင်ငံခြားကုမ္ပဏီများ ပြန်လည်ထွက်ခွာသွားခြင်းမှာ အချို့က ၎င်းတို့မိခင်နိုင်ငံမှ ပြန်လည်ထွက်ခွာရန် တွန်းအားပေးမှုများကြောင့် ဖြစ်ပါကြောင်း၊ နောက်တစ်ပိုင်းမှာ ပြည်တွင်းတွင် အကြမ်းဖက်နေသည့် NUG နှင့် PDF များ၏ ဆောင်ရွက်မှုများကြောင့် ဖြစ်ပါကြောင်း၊ ကိုဗစ်ကာလအတွင်း ကုမ္ပဏီများ ပြန်သွားကြသည်များ ရှိပါကြောင်း၊ သို့သော် ပြန်လည်ဝင်ရောက်လာသည့် ကုမ္ပဏီများလည်း များစွာရှိပါကြောင်း၊ ၂၀၂၁ ခုနှစ် မေလမှစတင်ကာ Business visa ထောက်ခံဆောင်ရွက်ပေးပြီး Relief Flight များဖြင့် ဆောင်ရွက်ပေးခဲ့သည့် ကုမ္ပဏီပေါင်း ၃၂၀၀ ကျော်ရှိပြီး နိုင်ငံခြားသား အရေအတွက် အားဖြင့် ၉၀၁၀ ပြန်လည်ဝင်ရောက်လာပြီဖြစ်ပါကြောင်း၊ ပြည်ပနိုင်ငံများ၏ ဖိအားပေးမှုကြောင့် ထွက်သွားသည့် ကုမ္ပဏီများရှိသလို အသစ်ဝင်ရောက်လာသည်များလည်း ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံတကာမှ ကုမ္ပဏီများ ပြန်လည်ဝင်ရောက် ရင်းနှီးမြှုပ်နှံလာရန် နိုင်ငံတော်အစိုးရအနေဖြင့် ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် ခိုင်မာသည့် အာမခံချက်နှင့် စီးပွားရေး အကျိုးရလဒ်များအတွက် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ အကာအကွယ်ပေးထားပါကြောင်း။

**❊ နိုင်ငံအတွင်းရှိ ပြည်သူများ အလုပ်အကိုင်ရရှိအောင်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် နည်းပညာဖလှယ်မှုနှင့်အတူ ဆောင်ရွက်ရန် စီမံလျက်ရှိသဖြင့် မြန်မာနိုင်ငံကို ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုပါကြောင်း**

ယခုအချိန်အထိ မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့စေရေး စီမံချက် (Myanmar Economic Recovery Plan–MERP) ကို စည်းကမ်းစနစ်တကျ ရေးဆွဲထားပြီး အမြန်ဆုံး အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ အဆိုပါ စီမံချက်တွင် လုပ်ငန်းအစီအစဉ် ၁၀ ခု၊ မျှော်မှန်းချက် ၃၀၊ ရလဒ် ၁၆၅ ခုနှင့် လုပ်ငန်းစဉ်ပေါင်း ၄၃၀ ပါဝင်ပါကြောင်း၊ စီမံချက်မှာ ကာလတို၊ ကာလလတ် စီမံချက်ဖြစ်သော်လည်း အချို့လုပ်ငန်းစဉ်များကို ကာလရှည် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ စီမံချက်တွင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလိုသူများအတွက် နံပါတ်တစ် အာမခံချက်၊ နံပါတ်နှစ် နိုင်ငံတကာကစီးပွားရေး စံသတ်မှတ်ချက်၊ နံပါတ်သုံး လုံခြုံရေး၊ နံပါတ်လေး လိုအပ်လာပါက အခြားသော ဖြေလျှော့မှုများကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် နိုင်ငံတကာက ရင်းနှီးမြှုပ်နှံလိုသူများ အနေဖြင့် ပြင်ပကမ္ဘာမှ မဟုတ်မမှန် လုပ်ကြံချဲ့ကား သတင်းများကို မယုံကြည်ကြဘဲ စိတ်ချလက်ချ ရဲရဲတင်းတင်း မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံကြရန် အလေးအနက် ဖိတ်ခေါ်လိုပါကြောင်း။

အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များ ပြီးစီးသွားပါက ရွေးကောက်ပွဲပြန်လည် ကျင်းပပေးသွားမည်ဆိုသည့် ကတိကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်၏ အထွေထွေ ရွေးကောက်ပွဲတွင် နိုင်ငံတစ်ဝန်းလုံး စိတ်အေးချမ်းသာစွာ ဒီမိုကရေစီအခွင့်အရေးများ မဆုံးရှုံးရအောင် မဲပေးနိုင်ရန်လိုပါကြောင်း၊ ရွေးကောက်ပွဲကျင်းပရန် တည်ငြိမ်လုံခြုံအေးချမ်းသည့် အခြေအနေရှိမှ ပြည်သူများ လွတ်လပ်စွာ မဲပေးနိုင်မည်ဖြစ်ပြီး သန့်ရှင်းတရားမျှတသည့် ရွေးကောက်ပွဲဖြစ်မည် ဖြစ်ပါကြောင်း၊ ပြည်သူများအားလုံးအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်နေသည့် အစိုးရ၏ကြိုးပမ်း ဆောင်ရွက်မှုများတွင် ပူးပေါင်းဆောင်ရွက်ရန်လိုပါကြောင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးသွားသည့်အချိန်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပြီး အနိုင်ရသည့်ပါတီကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်များ လွှဲအပ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မည်သည့်အစိုးရတက်သည်ဖြစ်စေ MIC Law သည် ပြောင်းလဲ၍ မရပါကြောင်း၊ တည်ဆဲအစိုးရမှ MIC Law အရ ချမှတ်ထားသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမှန်သမျှကို နောက်ထပ်တက်လာသည့် အစိုးရက ခွင့်ပြုရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အရင်အစိုးရက ချမှတ်ထားသည့် လုပ်ငန်းများကို ဆက်လက်ခွင့်ပြုထားပြီး MIC Law အရ မိမိတို့ ခွင့်ပြုထားသည့် စီးပွားရေးလုပ်ငန်းများကိုလည်း နောက်အစိုးရမှ ဆက်လက် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ယုံကြည်စေလိုကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကလည်း ဦးစားပေးမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ထုတ်ပြန်ထားပါကြောင်း၊ (၁) ဓာတ်မြေဩဇာ ထုတ်လုပ်ခြင်း လုပ်ငန်းများ (၂) ဘိလပ်မြေ ထုတ်လုပ်ခြင်း လုပ်ငန်းများ (၃) သံမဏိ ထုတ်လုပ်ခြင်းလုပ်ငန်းများ (၄) စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း၊ အဆိုပါ လုပ်ငန်းများနှင့် ဆက်စပ်သည့် လုပ်ငန်းများ (၅) တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်ခြင်းလုပ်ငန်းများ (၆) လျှပ်စစ်ယာဉ်များ ထုတ်လုပ်သည့် လုပ်ငန်းများ (၇) ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းများနှင့် (၈) အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖြစ်ပါကြောင်း၊ ထိုကဏ္ဍများနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ထားပါကြောင်း၊ ခိုင်ခိုင်မာမာဖြင့် အာမခံချက် အပြည့်အဝ ပေးထားပြီး နိုင်ငံ့စီးပွားရေး တိုးတက်အောင် စီမံဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံအတွင်းရှိ ပြည်သူများ အလုပ်အကိုင်ရရှိအောင်၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် နည်းပညာဖလှယ်မှု နှင့်အတူ ဆောင်ရွက်ရန် စီမံလျက်ရှိသဖြင့် မြန်မာနိုင်ငံကို ယုံယုံကြည်ကြည် ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ် လိုပါကြောင်း။

ရခိုင်ပါတီများအနေဖြင့် PR စနစ်ကို စဉ်းစားနေဆဲဟု မြင်ပါကြောင်း၊ နိုင်ငံရေး ပါတီ ၆၂ ပါတီမှ PR စနစ်ကို သဘောတူကြောင်း ဆွေးနွေးပွဲများ၏ အနေအထားအရ တွေ့ရပါကြောင်း၊ ကမ္ဘာ့နိုင်ငံများဖြစ်သည့် ဂျာမနီ၊ အီတလီ၊ နော်ဝေ၊ အိုင်ယာလန်၊ ဖင်လန်၊ ဆွီဒင်၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ ဒိန်းမတ်၊ ထိုင်း၊ ဆွစ်ဇာလန် စသည့် နိုင်ငံများတွင် PR စနစ်ကို ကျင့်သုံးသည်ကို တွေ့ရပါကြောင်း၊ ယခုသွားနေသည့်လမ်းကြောင်းသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို သွားနေသည့်အတွက် PR စနစ်သည် အလွန်အကျိုးရှိသည့် စနစ်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို မသွားမီက တိုင်းရင်းသားပြည်နယ်များသည် ၎င်းတို့၏ ပြည်နယ်များကို စီမံကွပ်ကဲလိုသော စိတ်များရှိကြပြီး ယခုကဲ့သို့ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို သွားသည့်အခါ ၎င်းတို့ရသင့်သည့် အခွင့်အရေးများ၊ ၎င်းတို့ပြည်နယ်ကို ၎င်းတို့စီမံခွင့်ရသည့် အနေအထားတွင် PR စနစ်ကို လက်ခံမည်ဟု ယုံကြည်ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆွေးနွေးမှုများတွင် တိုးတက်မှုများနှင့် ဆက်စပ်နေပါကြောင်း၊ ရခိုင်ပါတီများအနေဖြင့် နိုင်ငံတော်အပေါ် ယုံကြည်မည်ဆိုလျှင် PR စနစ်ကို လက်ခံမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့်လည်း တိုင်းရင်းသားများနှင့် အတူ ယုံကြည်မှုကို မြင့်သထက်မြင့်အောင် တည်ဆောက်ပြီး နိုင်ငံရေးပါတီအများစု လက်ခံသည့် PR စနစ်ကို ရခိုင်ပါတီများကလည်း လက်ခံလာနိုင်ပါကြောင်း ဖြေကြားသည်။

**သတင်းစဉ်**

# (၇၇) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၂၈) ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

(၇၇) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၂၈) ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ကျင်းပရာ (၂၈) ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် ဇင်မင်းထက်၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ အကဲဖြတ် အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယနေ့နံနက်ပိုင်း ပွဲစဉ်များအဖြစ် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ် (၁) တပ်ခွဲစစ်တီးဝိုင်းအသင်း၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အမှတ် (၁) တပ်ခွဲ စစ်တီးဝိုင်းအသင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ် (၁) တပ်ခွဲစစ်တီးဝိုင်းအသင်း၊ အမှတ် (၃၃) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ် (၁) တပ်ခွဲ စစ်တီးဝိုင်းအသင်းနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ် (၁) တပ်ခွဲ စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ကြသည်။

အဆိုပါ (၇၇) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၂၈) ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်း ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၂၈ သင်းဖြင့် ဖေဖော်ဝါရီ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ၂၀၂၂ ခုနှစ် အာဆီယံဆု (ASEAN Prize 2022) လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ အာဆီယံဒေသအတွင်းရှိ လူမှုဘဝများတိုးတက်စေရေး၊ လူမှုအဖွဲ့အစည်းများ ချိတ်ဆက်မှုအားကောင်းစေရေးနှင့် ကပ်ရောဂါကြောင့် ထိခိုက်မှုများအား ပြန်လည်ထူထောင်ရေးအတွက် စံနမူနာအဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ပေးကြသော လူပုဂ္ဂိုလ်/အဖွဲ့အစည်းများ၏ အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်သိက္ခာကြီးမားသည့် ဒေသဆိုင်ရာ ဆုတစ်ခုဖြစ်သည့် ၂၀၂၂ ခုနှစ် အာဆီယံဆု (ASEAN Prize 2022) ကို ပေးအပ်ချီးမြှင့်သွားနိုင်ရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆိုပြုလျှောက်လွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အဆိုပြုလျှောက်ထားသူများအနေဖြင့် အောက်ဖော်ပြပါနယ်ပယ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ဆောင်ရွက်နေသူများဖြစ်ရပါမည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စွမ်းစွမ်းတမံဆောင်ရွက်မှုများ၊

( ခ ) အာဆီယံနှင့်ကမ္ဘာတစ်ဝန်းအကြား စွမ်းစွမ်းတမံဆောင်ရွက်မှုများ၊

( ဂ ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊

( င ) အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးအတွက် အထောက်အကူဖြစ်စေသည့် စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များ၊

၃။ လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသည့် အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် အကဲဖြတ်ဒိုင်အဖွဲ့က ဆုရရှိသူကိုရွေးချယ်၍ အာဆီယံ ဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ကို ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့၌ ကျင်းပမည့် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် ချီးမြှင့်ပေးအပ်သွားမည် ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားမည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အာဆီယံအခြေစိုက်အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေပြုသည့် ပြည်သူဗဟိုပြုအာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်သူဖြစ်ရပါမည်။ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို စာမျက်နှာ (၃) မျက်နှာမှ (၅) မျက်နှာအကြား အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။ လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်၏ အင်တာနက်စာမျက်နှာ https://aseanl.org/asean-prize/ တွင် ရယူနိုင်ပါသည်။

၅။ ၂၀၂၂ ခုနှစ် အာဆီယံဆုအတွက် အဆိုပြုလျှောက်လွှာများကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့မှ ဧပြီလ ၂၅ ရက်နေ့အထိ လက်ခံသွားမည်ဖြစ်ပြီး ပြည့်စုံစွာဖြည့်စွက်ထားသည့် လျှောက်လွှာများကို အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်(သို့မဟုတ်) dgasean@gmail.com သို့ သတ်မှတ်ရက်ထက် နောက်မကျစေဘဲ ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ ၂၀၁၈ ခုနှစ်တွင် အာဆီယံဆု စတင်ချီးမြှင့်ခဲ့သည့်အချိန်မှစ၍ ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ ဆုများကို အသီးသီးဆွတ်ခူးရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသားများ (သို့မဟုတ်) မြန်မာနိုင်ငံအခြေစိုက် အဖွဲ့အစည်းများအနေဖြင့်လည်း အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့၏ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ချက်များကို ဖော်ထုတ်ပြသနိုင်ရန်အတွက် အခွင့်အရေးကို အမိအရယူကြဖို့ တိုက်တွန်းအပ်ပါကြောင်းနှင့် အသေးစိတ်ကို ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအား ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီ စစ်ဆေး



အမျိုးသားဒီမိုကရေစီပါတီသစ် အား စစ်ဆေးဆောင်ရွက်စဉ်။



ပြည်သူ့ပါတီသစ် အား စစ်ဆေးဆောင်ရွက်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ ( ဌ )တွင် ပြဋ္ဌာန်းထားသော “နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း” ဆိုသည့် တာဝန်နှင့်အညီ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား၊ ပါတီပိုင်ရန်ပုံငွေနှင့် ပစ္စည်းများ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ပါတီဆိုင်ရာလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ တို့ကို စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်သည့် ဦးမြင့်ဦးနှင့် ဒေါ်နုမြဖဲ့တို့ ဦးဆောင်ပြီး စာရင်းစစ်ချုပ်ရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနတို့မှ ဌာနဆိုင်ရာကိုယ်စားလှယ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့သည် ရန်ကုန်မြို့အခြေစိုက်ဖြစ်သော ကရင်ပြည်သူ့ပါတီ၊ အမျိုးသား ဒီမိုကရေစီအင်အားစုပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်နှင့် ပြည်သူ့ပါတီတို့ကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှ ၁၁ ရက်အထိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နိုင်ငံရေးပါတီများအား စစ်ဆေးရန် အကြောင်းကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဌ)တွင်ပြဋ္ဌာန်းထားသော “နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း”ဆိုသည့် တာဝန်နှင့်အညီ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား၊ ပါတီပိုင်ရန်ပုံငွေနှင့် ပစ္စည်းများစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ပါတီဆိုင်ရာ လုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ဦးဆောင်ပြီး ဌာနဆိုင်ရာ ကိုယ်စားလှယ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့များဖြင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံးအပတ်တွင် ရှမ်းပြည်နယ်အခြေစိုက်ပါတီဖြစ်သော လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို စစ်ဆေးခံနိုင်ရန် အကြောင်းကြား ထားကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နယ်စပ်ရေးရာဝန်ကြီး ဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများကို ရဟန်း၊ သာမဏေများအတွက် ဆက်ကပ်လှူဒါန်းလျက်ရှိသည့်အပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ကုသရေးအတွက် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့် အစားအစာများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ် အရှေ့ပိုင်း အမှတ် (၁) ရပ်ကွက်ရှိ ဉာဏရိပ်မွန် ပရဟိတဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော် ဦးပညာစက္ကထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်းသည်။

ထို့ပြင် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်/ မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေး ကျောင်းများနှင့် ကိုဗစ်- ၁၉ ကုသရေးစင်တာများသို့လည်း ဆက်လက်ထောက်ပံ့လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၁ ခုနှစ် အဓိကဆောင်ရွက်မှုများနှင့် ၂၀၂၂ ခုနှစ်အတွက် ဦးစားပေးလုပ်ငန်းစဉ်များ ထုတ်ပြန်

နေပြည်တော်၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့ - တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) အရ ၂၀၂၁ ခုနှစ်၏ အဓိကဆောင်ရွက်မှုများနှင့် ၂၀၂၂ ခုနှစ်အတွက် ဦးစားပေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ယနေ့ထုတ်ပြန်လိုက်သည်။

**၂၀၂၁ ခုနှစ်၏ အဓိကဆောင်ရွက်မှုများ**

- ❖ တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့်စုစုပေါင်းအမှုများ၏ ၁၁၄% ပြီးပြတ်အောင် ဆောင်ရွက်ခြင်း၊
- ❖ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ခရိုင်တရားရုံး (၂၂) ရုံး၊ မြို့နယ်တရားရုံး (၈၃) ရုံးတွင် တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
- ❖ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ တရားရုံးအားလုံးတွင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
- ❖ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုစီရင်ချက်များ ထုတ်ပြန်ခြင်းစနစ် စတင်ဆောင်ရွက်ခြင်း၊
- ❖ တရားမမှုများကို စေ့စပ်ဖြေရှင်းရေးအတွက် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခြင်း၊
- ❖ ဗီဒီယို သို့မဟုတ် ရုပ်မြင်သံကြားဆက်သွယ်မှုဖြင့် တရားရုံးသက်သေခံချက်ရယူရာတွင် လိုက်နာရမည့်သတ်မှတ်ချက်များ ထုတ်ပြန်ခြင်း၊

**၂၀၂၂ ခုနှစ်အတွက် ဦးစားပေးလုပ်ငန်းစဉ်များ**

- ❖ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ခရိုင်တရားရုံး (၁၀) ရုံး၊ မြို့နယ်တရားရုံး (၅၈) ရုံးတွင် အပြီးသတ်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊
- ❖ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအစီအစဉ်ကို နိုင်ငံတစ်ဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်၊
- ❖ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အီလက်ထရောနစ် စာကြည့်တိုက်စနစ် တည်ဆောက်ရန်၊
- ❖ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုတွဲများ၊ စာရွက်စာတမ်းများ Digitization ပြုလုပ်သိမ်းဆည်းသည့် Database စနစ် ဆောင်ရွက်ရန်၊

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၁ ခုနှစ် အဓိကဆောင်ရွက်မှုများကို ၂၀၂၁ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာနှင့် ၂၀၂၂ ခုနှစ်အတွက် ဦးစားပေးလုပ်ငန်းစဉ်များကို တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ပဉ္စမနှစ်အစီအစဉ် (၂၀၂၂) တို့တွင် ကြည့်ရှုနိုင်ပါသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**နေပြည်တော်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေသူများဖြစ်သည့် အကောင့်ပိုင်ရှင်(စိစစ်ဆဲ)သည် ၎င်းအသုံးပြုသည့် “Jue” Facebook အကောင့်၊ ခင်မြင့်မိုရ်သိမ့်သည် ၎င်းအသုံးပြုသည့် “Myint Moe” Facebook အကောင့်နှင့် အကောင့် ပိုင်ရှင်(စိစစ်ဆဲ)သည် ၎င်းအသုံးပြုသည့် “Wai Lynn” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာက အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

# ပုလဲမြို့နယ်အတွင်း PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများကို စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာများ၌ NLD ပါတီ ထောက်ခံသူအစွန်းရောက် အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ ဥပဒေမဲ့ခြိမ်းခြောက်၊ လူသတ်၊ မီးရှို့မှုများကြောင့် လုံခြုံစိတ်ချရသည့်နေရာများ၌ ခေတ္တတိမ်းရှောင်နေထိုင်လျက်ရှိသော ဒေသခံပြည်သူများ၏ နေထိုင်စားသောက်မှု အဆင်ပြေစေရန်နှင့် ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့် တာဝန်ရှိသူများသည် ပုလဲမြို့နယ် ဇီးဖြူကုန်းကျေးရွာနှင့် အင်မထီးကျေးရွာများမှ NLD ပါတီ ထောက်ခံသူ အစွန်းရောက် အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထွက်ပြေးတိမ်းရှောင်နေကြရသော ဒေသခံပြည်သူများကို လုံခြုံစိတ်ချရသည့်နေရာများသို့ ပြန်လည်ခေါ်ယူစုစည်း၍ လုံခြုံရေးနှင့် နေထိုင်စားသောက်ရေးတို့ကို စီစဉ်ပေးပြီး တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ယာပုံ)

သတင်းစဉ်



# ကိုဗစ်–၁၉ အလွန်ကာလများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် ကမ္ဘောဒီးယားနှင့် စင်ကာပူ ကတိပြု

**ဖနောင်ပင် ဖေဖော်ဝါရီ ၁၇**

ကမ္ဘောဒီးယားနှင့် စင်ကာပူနိုင်ငံတို့သည် နှစ်နိုင်ငံအပြန်အလှန်အကျိုးဖြစ်ထွန်းရန်အတွက် ကိုဗစ်–၁၉ အလွန်ကာလများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်ကတိပြုခဲ့ကြကြောင်း နှစ်နိုင်ငံ သီးခြားထုတ်ပြန်ချက်တွင် ဖေဖော်ဝါရီ ၁၆ ရက်က ထုတ်ပြန်လိုက်သည်။



ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်။

စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဗီဗီရန်ဘလက်ခရစ်ရှန် ကမ္ဘောဒီးယားနိုင်ငံသို့ နှစ်ရက်ကြာခရီးသွားရောက်စဉ် အဆိုပါကတိကဝတ် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားဘက်ကလည်း စင်ကာပူနှင့် ကမ္ဘောဒီးယားနိုင်ငံများအကြားနွေးထွေးပြီး ကာလရှည်ကြာသည့် ချစ်ကြည်ရင်းနှီးမှုများကို အတည်ပြုခဲ့ကြောင်းနှင့် ကိုဗစ်–၁၉ အလွန် ပြန်လည်တိုးတက် ဖြစ်ထွန်းမှုများဆီသို့ ရှေးရှုသွားရာတွင် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက် လုပ်ဆောင်သွားရန် ကတိပြုခဲ့ကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်ဆန်၏ ကိုဗစ်–၁၉ အခြေအနေများ အောင်မြင်စွာထိန်းချုပ်နိုင်မှုများအပေါ် ဂုဏ်ယူကြောင်း စင်ကာပူ နိုင်ငံခြားရေးဝန်ကြီးက ပြောကြားလိုက်သည်။

ထို့အတူ ဟွန်ဆန်ကလည်း တိုးတက် ဖြစ်ထွန်းလာသည့် စီးပွားရေးဆိုင်ရာ ချိတ်ဆက်မှုများနှင့် စင်ကာပူ၏ နောက်ထပ်ရင်းနှီးမြှုပ်နှံမှုများကိုလည်း ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် အာရှ–ပစိဖိတ်ဒေသတွင် ကုန်သွယ်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ဆောင်ရန် အရေးကြီးကြောင်း နှစ်နိုင်ငံလုံးက သဘောတူခဲ့ကြသည်။ **ဆင်ဟွာ**

# မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၇၈၃၁ ဦးဖြင့် အမြင့်ဆုံးကူးစက်မှုဖြစ်ပွား

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၇**

မလေးရှားနိုင်ငံတွင် ဖေဖော်ဝါရီ ၁၆ ရက် ညသန်းခေါင်အထိ ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၇၈၃၁ ဦးရှိကြောင်း ဖော်ပြခဲ့သည်။ ကိုဗစ်–၁၉ ဖြစ်ပွားချိန်ကတည်းကစကာ အမြင့်ဆုံး တစ်နေ့တည်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုဖြစ်သည်။ မလေးရှားနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၁၁၁၅၁၄ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ပြည်ပ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၁၁၈ ဦးရှိပြီး ပြည်တွင်းကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၂၇၇၁၃ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်က ထုတ်ပြန်လိုက်သော သတင်းအချက်အလက်များအရ သိရသည်။

ကိုဗစ်–၁၉ ကြောင့် ၂၁ ဦး ထပ်မံသေဆုံးမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်–၁၉ သေဆုံးသူပေါင်း ၃၂၁၈၀ အထိ ရှိလာခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနက နောက်ထပ် ကိုဗစ်–၁၉ ကင်းစင်သွားသူ ၇၉၁၂ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်–၁၉ ကင်းစင်ပြီး ဆေးရုံမှဆင်းလာသူပေါင်း ၂၈၇၆၄၅၀ ရှိလာခဲ့သည်။

လတ်တလော ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၂၀၂၈၈၄ ဦးရှိပြီး ၎င်းတို့အနက် ၂၀၄ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသလျက်ရှိကာ ၁၁၆ ဦးမှာ အသက်ရှူအထောက်အကူပြုကိရိယာ လိုအပ်လျက်ရှိသည်။

နိုင်ငံအတွင်း ဖေဖော်ဝါရီ ၁၆ ရက်တစ်ရက်တည်း ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပြီးသူ ၁၆၄၅၇၂ ဦးရှိသည်။ နိုင်ငံ့လူဦးရေ ၈၀ ဒသမ ၈ ရာခိုင်နှုန်းမှာ အနည်းဆုံး ကိုဗစ်–၁၉ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးပြီဖြစ်ကာ ၇၈ ဒသမ ၈ ရာခိုင်နှုန်းမှာ ကိုဗစ်–၁၉ ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပြီးပြီဖြစ်သည်။ ၄၁ ဒသမ ၇ ရာခိုင်နှုန်းမှာ အပိုဆောင်း ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးမှု ခံယူပြီးပြီဖြစ်သည်။

**ဆင်ဟွာ**

# ဘရာဇီး၌ မြေပြိုမှုနှင့်ရေကြီးမှုများကြောင့် သေဆုံးသူ ၇၈ ဦးအထိ မြင့်တက်လာ

**ဆော်ပေါ်လို ဖေဖော်ဝါရီ ၁၇**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးပြည်နယ်ရှိ ပီထရိုပိုလီးစ်မြို့တွင် မြေပြိုပြီး ရေကြီးမှုများဖြစ်ပွားခဲ့ရာ သေဆုံးသူ ၇၈ ဦးအထိ ရှိလာခဲ့ကြောင်းနှင့် ကလေးငယ် ခြောက်ဦးပါဝင်ကြောင်း ဒေသအာဏာပိုင်များက ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြောကြားလိုက်သည်။

၁၉၃၂ ခုနှစ်ကလည်း အဆိုးဆုံးဖြစ်ခဲ့ပြီး နှစ်ပေါင်းရာကျော်အချိန်အတွင်း မိုးရေချိန် ၂၄၀ မီလီမီတာအထိ ရောက်ရှိခဲ့ကြောင်း ရီယိုဒီဂျနေးရိုး ပြည်နယ်အုပ်ချုပ်ရေးမှူး ကလောဒီယိုကတ်ထရိုက သတင်းထောက်များကိုပြောကြားခဲ့သည်။

တောင်ကုန်း ထူထပ်သောမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုများသည် ဖေဖော်ဝါရီ ၁၅ ရက်က ဖြစ်ပွားခဲ့သည်။ အဆိုပါမြို့သည် ရီယိုဒီဂျနေးရိုးမြို့၏ မြောက်ဘက် ၆၈ ကီလိုမီတာအကွာတွင်ရှိပြီး မြေပြိုမှု ၅၀ ထက်မက ဖြစ်ပွားခဲ့သည်။ ခြောက်နာရီအတွင်း ပီထရိုပိုလီတွင် ဖေဖော်ဝါရီတစ်လလုံးထက် ပိုများသည့်မိုးရွာသွန်းမှုများဖြစ်ခဲ့သည်။ အုပ်ချုပ်ရေးမှူးရုံးကို ပြည်သူ့ဘေးဒုက္ခအခြေအနေ ကြေညာရသည်အထိ ဖြစ်စေခဲ့သည်။


ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးပြည်နယ်ရှိ ပီထရိုပိုလီးစ်မြို့တွင် မြေပြိုကျမှုကို တွေ့ရစဉ်။

အဆိုပါ ဖြစ်စဉ်များကြောင့် လူ ၂၁ ဦးကို ကယ်တင်ခဲ့ရပြီး ပျောက်ဆုံးနေသူ အရေအတွက် ယခုအချိန်အထိ မသိရသေးကြောင်း မြို့တော်အရပ်ဘက်ကာကွယ်ရေး အတွင်းရေးမှူး ဂီလ်ကမ်ပါက ပြောသည်။

လှူဒါန်းပစ္စည်းများနှင့် ကုန်တင်ကားများသည် ပီထရိုပိုလစ်သို့ရောက်ရှိခဲ့သည်။ ထို့အပြင် ဖေဖော်ဝါရီ၁၇ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုများဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းထားသည်။ **ဆင်ဟွာ**

# သံတမန်နည်းလမ်းသုံးပြီး ယူကရိန်းအကျပ်အတည်းကို ဖြေရှင်းရန် အမေရိကန်သမ္မတနှင့် ဂျာမနီဝန်ကြီးချုပ်တို့ တိုက်တွန်းပြောကြား

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၇**

ယူကရိန်းအကျပ်အတည်းကို သံတမန်နည်းလမ်းသုံးပြီး တင်းမာမှုကို လျှော့ချရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်နှင့် ဂျာမနီဝန်ကြီးချုပ် အိုလက်ဖ်ချိုဇ်တို့က တိုက်တွန်းပြောကြားခဲ့သည်။

ခေါင်းဆောင်နှစ်ဦးသည် ယူကရိန်းအနီး ရုရှားတို့၏ စစ်ရေးကြီးထွားလာခြင်းနှင့်ပတ်သက်ပြီး ဖေဖော်ဝါရီ ၁၆ ရက်က ဖုန်းဖြင့် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲပြီးနောက် အိမ်ဖြူတော်က ခေါင်းဆောင်နှစ်ဦး၏ ပြောစကားများကို ထုတ်ပြန်လိုက်သည်။ အဆိုပါ ထုတ်ပြန်ချက်တွင် ဘိုင်ဒန်နှင့်ချိုဇ်တို့က သံတမန်နည်းလမ်းဖြင့် အတ္တလန္တိတ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှု ဆက်လုပ်ရန် အရေးကြီးပုံကို မီးမောင်းထိုးပြခဲ့သည်။

ဂျာမနီအစိုးရပြောရေးဆိုခွင့်ရှိသူက အလားတူထုတ်ပြန်ခဲ့ရာ အဆိုပါထုတ်ပြန်ချက်တွင် နှစ်ဖက်ခေါင်းဆောင်များက သံတမန်ဆိုင်ရာ ကြိုးစားမှုများကို ဆက်လက်လုပ်ဆောင်သင့်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ထုတ်ပြန်ချက်ကို ကြိုဆိုကြောင်း ဖော်ပြခဲ့သည်။

ထို့အပြင် အပြုသဘောဆောင်သည့်ဆွေးနွေးမှုများကို လုပ်ဆောင်ရန် အရေးကြီးကြောင်း နှစ်ဖက်ခေါင်းဆောင်များက သဘောတူခဲ့သည်ဟု ဂျာမနီအစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ရုရှားအနေဖြင့် ယူကရိန်းကို ကျူးကျော်ခဲ့မည်ဆိုပါက ပြင်းထန်သောအကျိုးဆက်များကို ရင်ဆိုင်ရမည်ဖြစ်ကြောင်း ဘိုင်ဒန်နှင့် ချိုဇ်တို့က ထပ်လောင်းပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**


အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်နှင့် ဂျာမနီဝန်ကြီးချုပ် အိုလက်ဖ်ချိုဇ်။

# တောင်ကိုရီးယားတွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု စံချိန်တင်

**ဆိုးလ် ဖေဖော်ဝါရီ ၁၇**

အိုမီခရွန်မ်ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု မြင့်မားနေစဉ်အတွင်း တောင်ကိုရီးယားနိုင်ငံတွင် နေ့စဉ်ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှု စံချိန်တင်မြင့်တက်ခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြောကြားလိုက်သည်။

ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက လွန်ခဲ့သော ၂၄ နာရီအတွင်းကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၉၃၁၃၅ ဦးအထိရှိခဲ့ကြောင်းနှင့် နိုင်ငံ၏ စုစုပေါင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၆၄၅၉၇၈ ဦးအထိ ရှိလာခဲ့ကြောင်း ပြောကြားလိုက်သည်။

နေ့စဉ် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုသည် ယမန်နေ့ကထက် မြင့်တက်ခဲ့သည်။ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၉၀၀၀၀ ကျော်လွန်ခဲ့သည်မှာ နှစ်ရက်ဆက်တိုက်ရှိလာပြီဖြစ်သည်။

အိုမီခရွန်မ်ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုများ မြင့်တက်နေစဉ် ဆိုးလ်ဒေသတွင်း ကူးစက်ဖြစ်ပွားမှုများကြောင့် မကြာသေးမီက ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုများ မြင့်တက်လာခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ခြောက်ရက်ကြာ ပိတ်ဆို့ခံထားရပြီးနောက် အမေရိကန် - ကနေဒါနယ်စပ်တံတားကို ပြန်လည်ဖွင့်ပေး

*နှင်းမိုးအိမ်*



ကိုဗစ် -၁၉ ကန့်သတ်ချက်များ ဖယ်ရှားပေးရန် ဆန္ဒပြနေကြသည့် လူစုနှင့်ရဲများ ထိပ်တိုက်တွေ့နေကြစဉ်။

- **ထရပ်ကားသမားများ၏ ဆန္ဒပြမှုကြောင့် ဝင်ဆာ၊ အွန်တေရီယိုနှင့် ဒက်ထရွိုက်တို့ရှိ လမ်းများ ခြောက်ရက်ကြာ ပိတ်ထားရပြီး အမေရိကန်သို့ ကုန်ပစ္စည်းများ တင်ပို့ရာတွင် အနှောင့်အယှက် အဟန့်အတားများဖြစ်စေခဲ့သည့်အတွက် ကုန်သွယ်မှုတွင် သန်းနှင့်ချီ၍ ဆုံးရှုံးနစ်နာမှုများ ပေါ်ပေါက်ခဲ့ရ**
- Ambassador **တံတားမှာ အမေရိကန်နှင့် ကနေဒါနှစ်နိုင်ငံစလုံးအတွက် အရေးပါသည့် တံတားဖြစ်ပြီး နှစ်နိုင်ငံစလုံးမှ တင်ပို့သည့်ကုန်ပစ္စည်း ၂၅ ရာခိုင်နှုန်းကျော်ကို ကုန်သွယ်ရာ အထူးအရေးပါသည့် နေရာလည်းဖြစ်**

အမေရိကန် - ကနေဒါ နယ်စပ်ဂိတ်ကို ဖေဖော်ဝါရီ ၁၃ ရက်ညပိုင်းက ပြန်လည်ဖွင့်လှစ်ပေးလိုက်ပြီဖြစ်သည်။ ကနေဒါရဲများက ဆန္ဒပြနေသည့် ထရပ်ကားမောင်းသမားများကို ရှင်းလင်းပြီးနောက် အရေးပါသည့် နယ်စပ်ဖြတ်သန်းရေးတံတားဖြစ်သော Ambassador တံတားကို ပြန်လည်ဖွင့်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

**သန်းနှင့်ချီ၍ ဆုံးရှုံးနစ်နာ**

ထရပ်ကားသမားများ၏ ဆန္ဒပြမှုကြောင့် ဝင်ဆာ၊ အွန်တေရီယိုနှင့် ဒက်ထရွိုက်တို့ရှိ လမ်းများ ခြောက်ရက်ကြာ ပိတ်ထားရပြီး အမေရိကန်သို့ ကုန်ပစ္စည်းများ တင်ပို့ရာတွင် အနှောင့်အယှက် အဟန့်အတားများဖြစ်စေခဲ့သည့်အတွက် ကုန်သွယ်မှုတွင် သန်းနှင့်ချီ၍ ဆုံးရှုံးနစ်နာမှုများ ပေါ်ပေါက်ခဲ့ရသည်။

**ပျံ့နှံ့လာ**

ဆန္ဒပြနေသည့် ထရပ်ကားယာဉ်တန်းကို ဖယ်ရှားပေးနိုင်ခဲ့သည့်အတွက် အစိုးရအရာရှိများကို ကျေးဇူးတင်ကြောင်း ကုန်သွယ်ရေးဝန်ကြီး အိုမာအယ်ဂါဘရာက တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

နယ်စပ်ကုန်သွယ်ရေးတံတားကို အပြည့်အဝ ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်သည့်အတွက် အမေရိကန်နှင့် ကနေဒါနိုင်ငံတို့ကြား ကုန်စည်စီးဆင်းမှုကို လွတ်လွတ်လပ်လပ် ပြန်လည်လုပ်ဆောင်နိုင်ပြီဖြစ်သည်။

သို့သော်လည်း ကိုဗစ် -၁၉ ကန့်သတ်ချက်များကို ဆန္ဒပြမှုများသည် ကနေဒါမှ နယူးဇီလန်နှင့် ဥရောပမြို့ကြီးများသို့ ပျံ့နှံ့လာသည်။

**မတားဆီးနိုင်**

ကာကွယ်ဆေးထိုးရမည့်အမိန့်နှင့်ပတ်သက်၍ မကျေနပ်ကြသည့် ထရပ်ကားမောင်းသူများသည် ကပ်ရောဂါမူဝါဒများကို ဆန့်ကျင်ရင်း ဆန္ဒပြမှုများ အစပျိုးလာခြင်းဖြစ်သည်။ ကိုဗစ် -၁၉ စည်းကမ်းကန့်သတ်ချက်များနှင့်ပတ်သက်၍ အစိုးရအပေါ် မကျေနပ်မှုများ ဖြစ်ပေါ်လာရသည်။

နယူးဇီလန်နိုင်ငံမှစ၍ ပြင်သစ်နိုင်ငံအထိ ဆန္ဒပြသူများသည် ကနေဒါနိုင်ငံမှ ဆန္ဒပြသူများအတိုင်း တစ်ထပ်တည်း ကြွေးကြော်ကြသည်။ အာဏာပိုင်များနှင့် ရဲများအတွက်လည်း စိန်ခေါ်မှုများ များပြားလာပြီး အပြစ်ပေးမည်ဟူသော ခြိမ်းခြောက်မှုမှာ ဆန္ဒပြသူများကို မတားဆီးနိုင်ချေ။

**အရေးပေါ်အခြေအနေအဖြစ် ကြေညာ**

အော့တဝါတွင်မူ ယာဉ်တန်းဆန္ဒပြသူများသည် ဒဏ်ငွေချမှတ်ခံရမည်။ ထောင်ချခံရမည်နှင့် လိုင်စင်ဆုံးရှုံးနိုင်သည်ဟူသော ခြိမ်းခြောက်မှုများကို မမှုတော့ဘဲ ဆက်လက်ဆန္ဒပြနေကြဆဲဖြစ်သည်။ ဒေသတွင်းနှင့် ပြည်နယ်အာဏာပိုင်များသည် အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့သည်။

အွန်တေရီယိုရှိ ပြည်နယ်အထူးတရားရုံးက ထရပ်ကားမောင်းသမားများက အဓိကဆန္ဒပြနေကြသည့် နယ်စပ်ဂိတ်တံတားကို အပြည့်အဝ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းခဲ့ကြခြင်းဖြစ်သည်။ Ambassador တံတားမှာ ကနေဒါနိုင်ငံရှိ ဝင်ဆာမြို့နှင့် အမေရိကန်ပြည်ထောင်စု မီချီဂန်ပြည်နယ် ဒက်ထရွိုက်မြို့တို့ကို ဆက်သွယ်ထားသည့်တံတားဖြစ်သည်။

**အထူးအရေးပါသည့် နေရာ**

ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုကမူ တံတားပိတ်ထားရသည့် အခြေအနေကို အဆုံးသတ်စေရမည်ဟု ကတိပြုပြောကြားခဲ့သည်။ ဆန္ဒပြသည့် ဧရိယာအတွင်းရှိနေကြသူများ ဖမ်းဆီးခံရမည်ဟု ဝင်ဆာရဲများက တွစ်တာပေါ်တွင် သတိပေးပြောကြားခဲ့သည်။ အဆိုပါနေရာမှ ချက်ချင်းဖယ်ရှားကြရန်လည်း တိုက်တွန်းခဲ့သည်။ Ambassador တံတားမှာ အမေရိကန်နှင့် ကနေဒါနှစ်နိုင်ငံစလုံးအတွက် အရေးပါသည့်တံတားဖြစ်ပြီး နှစ်နိုင်ငံစလုံးမှ တင်ပို့သည့်ကုန်ပစ္စည်း ၂၅ ရာခိုင်နှုန်းကျော်ကို ကုန်သွယ်ရာ အထူးအရေးပါသည့် နေရာလည်းဖြစ်သည်။

**စိတ်ဆိုးဒေါသထွက်ကြ**

ဖေဖော်ဝါရီ ၁၂ ရက်တွင်မူ ဆန္ဒပြသည့် လူအုပ်သည် အော့တဝါမြို့တွင် စုဝေးကြပြီး တတိယမြောက်သီတင်းပတ်အဖြစ် ဆန္ဒပြကြသည်။ ရာနှင့်ချီသည့် လူအုပ်ကြီးတွင် အချို့မှာ ကနေဒါအလံများကို ကိုင်ဆောင်ထားကြပြီး မြို့တော်၏ အဓိကနေရာတွင် ဆန္ဒပြကြသည်။

ယင်းသို့ ဆန္ဒပြမှုများကြောင့် မြို့အတွင်း လှုပ်ရှားသွားလာမှုများ ရပ်တန့်ခဲ့ရသည့်အတွက် ဒေသခံအများအပြားက စိတ်ဆိုးဒေါသထွက်ကြသည်။ အသက် ၃၈ နှစ်အရွယ် မာ့ခ်အန်ဒရာ မယ်လက်တီကမူ ဆန္ဒပြမှုများကို ထောက်ခံကြောင်း ပြောသည်။ ၎င်းမှာ ယခုအချိန်အထိ ကာကွယ်ဆေးမထိုးရသေးသော်လည်း အသက်ဆုံးရှုံးမှုမရှိသေးဟု ပြောကြားခဲ့သည်။

**ဆန္ဒပြမှုများ ကျယ်ပြန့်လာ**

၎င်းမှာ မြောင်းတူးဖော်ရေးလုပ်သားတစ်ဦးဖြစ်ပြီး အမေရိကန်နယ်စပ် အနီးရှိ စိန့်အာမန်မြို့တွင် နေထိုင်သူလည်းဖြစ်သည်။ ဂျွန်ပီချ်ကို ဆိုသူမှာလည်း တစ်ပတ်လျှင် သုံးကြိမ် ဆန္ဒပြပွဲအတွင်းသို့ ပါဝင်ကြောင်း ၎င်းနှင့်အတူ အသက် ၁၅ နှစ်အရွယ် သမီးဖြစ်သူကိုလည်း ခေါ်ဆောင်လာလေ့ရှိကြောင်း ပြောသည်။

ထရပ်ကားမောင်းသမားများ၏ ဆန္ဒပြမှုများ ကျယ်ပြန့်လာသည့်အတွက် ဝမ်းသာမိကြောင်း ၎င်းကဆက်ပြောသည်။ ယင်းကဲ့သို့ ဆန္ဒပြလှုပ်ရှားမှုများမှာ ပြင်သစ်၊ နယ်သာလန်နှင့် နယူးဇီလန်နိုင်ငံတို့အထိ ပျံ့နှံ့နေပြီဖြစ်သည်။

ဆန္ဒပြမှုများမှာ လွန်ခဲ့သည့်သီတင်းနှစ်ပတ်ကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး အပြည်ပြည်ဆိုင်ရာနယ်စပ်ဂိတ်ကို ဖြတ်သန်းသည့်အခါ ကာကွယ်ဆေးထိုးရမည်ဟူသော လိုအပ်ချက်ကို အဆုံးသတ်ပေးရန် အော့တဝါမြို့အထိ ထရပ်ကားများ မောင်းနှင်ဆန္ဒပြကြရာမှ စတင်ခဲ့ခြင်းဖြစ်သည်။

ထိုစမှ၍ တစ်စတစ်စ ပျံ့နှံ့လာခဲ့ပြီး အများစုမှာ ၎င်းတို့၏ လွတ်လပ်ခွင့်ကို ကာကွယ်ရန်လိုအပ်သည်ဟု ပြောဆိုကာ ဆန္ဒပြလာကြသည်။ ယခုအခါ ကာကွယ်ဆေးထိုးရမည့်အမိန့်ကို အဆုံးသတ်ပေးရန် တောင်းဆိုလာကြသည်။

**ဝေဖန်မှုများနှင့်ရင်ဆိုင်နေရ**

ကနေဒါဝန်ကြီးချုပ်မှာလည်း ပြင်းထန်သည့် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။ ဆန္ဒပြသူများကို ကိုင်တွယ်ရာတွင် နှေးကွေးလွန်းသည်ဟု အတိုက်အခံနိုင်ငံရေးသမားများက ဝေဖန်နေကြသည်။ ပြည်သူလူထု၏သဘောထားကို စစ်တမ်းကောက်ယူမှုများအရ ကနေဒါနိုင်ငံသား သုံးပုံ တစ်ပုံမှာ ဆန္ဒပြလှုပ်ရှားမှုကို ထောက်ခံကြပြီး ၄၄ ရာခိုင်နှုန်းကမူ ထရပ်ကားမောင်းသမားများ၏ ဒေါသထွက်မှုကို နားလည်ကြသည်ဟု ပြောသည်။

လှုပ်ရှားမှုစတင်သည့်အချိန်မှ စတင်ကာ ကနေဒါနိုင်ငံ၏ ပြည်နယ်အချို့တွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရမည့်အမိန့်နှင့် ကာကွယ်ဆေးထိုးရမည့် လိုအပ်ချက်များကို လာမည့်သီတင်းပတ်များအတွင်း အဆုံးသတ်ရန် စီစဉ်ထားသည်ဟု ကြေညာခဲ့သည်။ သို့သော်လည်း လူဦးရေ အထူထပ်ဆုံးပြည်နယ်များဖြစ်ကြသည့် အွန်တေရီယိုနှင့် ကွီဘတ်ပြည်နယ်တို့တွင်မူ အလားတူကြေညာမှုမျိုး မရှိသေးချေ။

**ဒဏ်ကြေးအမြောက်အမြား ပေးဆောင်ရမည်**

ပါရီမြို့တွင်လည်း ဖေဖော်ဝါရီ ၁၂ ရက် ဆန္ဒပြသူများကို ရဲများက မျက်ရည်ယိုဗုံး အသုံးပြုကာ လူစုခွဲခိုင်းခြင်းမျိုး ပြုလုပ်ခဲ့ရသည်။ ထို့ပြင် ပြင်သစ်နိုင်ငံတစ်လွှား ကိုဗစ် -၁၉ ကန့်သတ်ချက်များနှင့် လူနေမှုစရိတ်ကြီးမြင့်လာမှုအပေါ် ဆန့်ကျင်ရန် မောင်းနှင်လာသည့် ယာဉ်တန်းများကိုလည်း ဖြိုခွင်းရန် ရည်ရွယ်၍ ဒဏ်ကြေးငွေ အမြောက်အမြားပေးဆောင်ရမည်ဟု အမိန့်ထုတ်ခဲ့ရသည်။ နယ်သာလန်နိုင်ငံတွင်လည်း ကိုဗစ် -၁၉ ကန့်သတ်ချက်များအပေါ် ဆန့်ကျင်ဆန္ဒပြသည့် ယာဉ်တန်းမှာလည်း သည်ဟိတ်မြို့လယ်အထိ ရောက်ရှိလာခဲ့သည်။ ။

**ကိုးကား - အေအက်ဖ်ပီ**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## ဖေဖော်ဝါရီ ၁၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၆၉၂ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ တစ်ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၃၁၉ ဦးရှိ

**(၁၇–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၁,၈၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၆၉၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါ ပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၈.၄၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၈၀၆,၇၈၉)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၅၆,၂၅၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇၁၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၂၀,၈၀၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၉) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၇–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၁၄၈) ခု | (၁၈၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင်GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၂) ခု | (၇) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၀၁) ခု | (၈၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၉၀) ခု | (၇) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၅၁၈) ခု | (၂၅၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၇၉၇) ခု | (၄၆၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၅,၈၉၈) ခု | (၁,၇၀၀) ဦး |
| စုစုပေါင်း | (၃၁,၈၂၄) ခု | (၂,၆၉၂) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၇ - ၂ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၉၈၀၈၆၄၃ | ၅၀၈၂၁၀၂၀ | ၉၅၂၆၀၃ |
| ၂။ | အိန္ဒိယ | ၄၂၇၅၄၃၁၅ | ၄၁၉၁၀၉၈၄ | ၅၁၀၄၄၁ |
| ၃။ | ဘရာဇီး | ၂၇၈၁၂၂၁၀ | ၂၄၅၁၆၅၉၁ | ၆၄၀၈၆၈ |
| ၄။ | ပြင်သစ် | ၂၁၉၇၆၂၉၀ | ၁၇၉၈၆၈၆၉ | ၁၃၅၈၅၅ |
| ၅။ | ဗြိတိန် | ၁၈၄၄၇၇၀၆ | ၁၆၃၄၂၅၉၄ | ၁၆၀၀၃၈ |
| ၆။ | ရုရှား | ၁၄၈၄၀၅၀၂ | ၁၁၈၂၈၄၇၅ | ၃၄၃၁၇၃ |
| ၇။ | တူရကီ | ၁၃၁၇၃၈၅၉ | ၁၂၂၆၇၃၈၈ | ၉၁၃၈၈ |
| ၈။ | ဂျာမနီ | ၁၂၉၂၆၉၂၈ | ၉၃၂၀၇၀၀ | ၁၂၁၂၀၃ |
| ၉။ | အီတလီ | ၁၂၂၆၅၃၄၃ | ၁၀၆၃၃၂၆၈ | ၁၅၁၉၆၂ |
| ၁၀။ | စပိန် | ၁၀၇၄၄၃၉၄ | ၈၁၀၆၆၁၉ | ၉၇၃၅၀ |

## ၁၇-၂-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၀၃၀၀၀၂ | ၄၄၁၄၃၀၆ | ၁၄၅၈၂၈ |
| ဖိလစ်ပိုင် | ၃၆၄၆၇၉၃ | ၃၅၂၄၈၇၅ | ၅၅၃၃၀ |
| မလေးရှား | ၃၁၁၁၅၁၄ | ၂၈၇၆၄၅၀ | ၃၂၁၈၀ |
| ထိုင်း | ၂၆၅၆၄၁၁ | ၂၄၈၉၈၁၂ | ၂၂၅၄၁ |
| ဗီယက်နမ် | ၂၆၄၃၀၂၄ | ၂၂၅၄၉၆၅ | ၃၉၂၇၈ |
| မြန်မာ | ၅၅၆၂၅၆ | ၅၂၀၈၀၄ | ၁၉၃၁၉ |
| စင်ကာပူ | ၅၁၄၈၈၀ | ၄၆၀၂၆၈ | ၉၂၆ |
| လာအို | ၁၄၀၃၅၃ | ၁၃၆၃၀၅ | ၆၀၂ |
| ကမ္ဘောဒီးယား | ၁၂၄၇၈၇ | ၁၁၉၆၃၃ | ၃၀၁၅ |
| ဘရူနိုင်း | ၂၇၅၉၉ | ၁၈၅၂၀ | ၉၈ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# အကြိမ်(၅၀)မြောက် ရွှေရတုမြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ အကြိုဂုဏ်ပြုဆောင်းပါး

*ရတနာ(ဆေးသုတေသနဦးစီးဌာန)*

50th MYANMAR HEALTH RESEARCH CONGRESS

Golden Jubilee 50th Anniversary

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော "အကြိမ် (၅၀) မြောက် ရွှေရတုမြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ" ကို ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ၂၅ ရက်နေ့အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၅၊ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာနတွင် ဗီဒီယိုကွန်ဖရင့်စနစ်(Virtual) နှင့် ကိုယ်တိုင်တက်ရောက်ခြင်း (In-person) ပူးတွဲလျက် ပေါင်းစပ်(Hybrid)အသွင်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

**○ ယခုနှစ်တွင် အခြေခံသုတေသနစာတမ်း ၂၇ စောင်၊ အသုံးချသုတေသနစာတမ်း ၂၂ စောင်၊ လူမှုရေးနှင့်ကျန်းမာရေးစနစ် သုတေသနစာတမ်းအစောင် ၂၀၊ ပိုစတာစာတမ်း ၂၇ စောင် စုစုပေါင်း စာတမ်း ၉၆ စောင်ကို စာတမ်းကြီးကြပ်ရေး ဆပ်ကော်မတီမှ စိစစ်ပြီး ညီလာခံသို့ တင်သွင်း၊ ဖတ်ကြား၊ ပြသရန် လက်ခံရရှိပြီးဖြစ်**

### သုတေသနညီလာခံများ

ညီလာခံကို သုတေသနညီလာခံများ အစဉ်အလာမပျက်ကျင်းပခြင်းအားဖြင့် ကျန်းမာရေးဆိုင်ရာအသိပညာများ တိုးတက်လာပြီး ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းမြင့်မားလာစေရန်နှင့် သုတေသနတွေ့ရှိချက်များကို လက်တွေ့အသုံးချမည့် ကျန်းမာရေးပညာရှင်များ သိရှိဆွေးနွေးနိုင်စေရန်စသည့် ရည်ရွယ်ချက်များ ချမှတ်ကာ ညီလာခံတွင် သုတေသီများက သုတေသနစာတမ်းများကို ဖတ်ကြားတင်သွင်းခြင်း၊ ပိုစတာများ ပြသခြင်း၊ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၁၉၆၅ ခုနှစ်မှစတင်ခဲ့သော ညီလာခံ၏ စတင်ကျင်းပခဲ့ရာနှစ်များတွင် အခြေခံသုတေသနစာတမ်းများကိုသာ တင်သွင်းဖတ်ကြားခဲ့သော်လည်း ၁၉၉၁ ခုနှစ်မှစ၍ သုတေသနပိုစတာများနှင့် ၁၉၉၃ ခုနှစ်တွင် လက်တွေ့အသုံးချသုတေသနစာတမ်းများကို သတ်မှတ်ထည့်သွင်းခဲ့ပါသည်။ ထပ်မံ၍ ၂၀၀၂ ခုနှစ်မှစတင်ကာ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (Symposium) များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းကျင်းပခဲ့ပါသည်။ တစ်ဖန် သုတေသီပညာရှင်များ၏ သုတေသနအရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့် သုတေသနပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုများကို အလေးထားအသိအမှတ်ပြုသောအားဖြင့် ၁၉၉၃ ခုနှစ်မှစ၍ အကောင်းဆုံးစာတမ်းဆုများ၊ အကောင်းဆုံးပိုစတာဆုများ ရွေးချယ်ချီးမြှင့်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှစ၍ လူငယ်သုတေသီဆုများ ချီးမြှင့်ခြင်းကို တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် (၄၅)ကြိမ်မြောက် သုတေသနညီလာခံမှစ၍ညီလာခံ၏အဓိကသုတေသနဦးတည်ချက်ခေါင်းစဉ် (Theme) သတ်မှတ်၍ ဆောင်ရွက်ခဲ့ပါသည်။

### အောင်မြင်စွာ ကျင်းပနိုင်ရေး

ကျန်းမာရေးဝန်ကြီးဌာန၏ မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆေးသုတေသနဦးစီးဌာနမှ နှစ်စဉ်တာဝန်ယူလျက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းကာ လုပ်ငန်းတာဝန်များကို သတ်မှတ်ထားရှိပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်း၌သာမက ပြည်ပမှ သုတေသီပညာရှင်များ၏ စာတမ်းများ ပေးပို့ရာတွင် လွယ်ကူအဆင်ပြေစေရန် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဝက်ဘ်ဆိုက်(https://conference.dmr.gov.mm)ကို လွှင့်တင်ထားရှိပါသည်။ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များရှိ သုတေသီပညာရှင်များမှ တင်သွင်းလာသော သုတေသနစာတမ်းများကို အခြေခံသုတေသနစာတမ်း (Basic Research)၊ အသုံးချ သုတေသနစာတမ်း (Applied Research)၊ လူမှုရေးနှင့် ကျန်းမာရေးစနစ်သုတေသနစာတမ်း (Social Science/ Health Systems Research) များနှင့် အီလက်ထရွန်နစ်ပိုစတာ (E-poster) များအသွင်ဖြင့် အမျိုးအစားခွဲခြား၍ တင်သွင်းရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

### သုတေသနစာတမ်းများ

ယခုနှစ်တွင် အခြေခံသုတေသနစာတမ်း ၂၇ စောင်၊ အသုံးချသုတေသနစာတမ်း ၂၂ စောင်၊ လူမှုရေးနှင့် ကျန်းမာရေးစနစ် သုတေသနစာတမ်းအစောင် ၂၀၊ ပိုစတာစာတမ်း ၂၇ စောင် စုစုပေါင်း စာတမ်း ၉၆ စောင်ကို စာတမ်းကြီးကြပ်ရေး ဆပ်ကော်မတီမှ စိစစ်ပြီး ညီလာခံသို့ တင်သွင်း၊ ဖတ်ကြား၊ ပြသရန် လက်ခံရရှိပြီးဖြစ်ပါသည်။ တင်သွင်းမည့် စာတမ်းများတွင် ငှက်ဖျား၊ ကင်ဆာ၊ တီဘီ၊ မျိုးဆက်ပွားကျန်းမာရေး၊ သွားကျန်းမာရေး၊ ခုခံအားကျဆင်းမှု၊ တိုင်းရင်းဆေး၊ ဇီဝကမ္မဆိုင်ရာ သုတေသန၊ ကျန်းမာရေးစနစ်၊ အားကစား၊ သူနာပြုနှင့် ပြည်သူ့ကျန်းမာရေးစီမံချက် အကောင်အထည်ဖော်ခြင်းဆိုင်ရာ သုတေသနများ စသည်တို့ပါဝင်ပါသည်။ သုတေသနစာတမ်းများ တင်သွင်းဖတ်ကြားခြင်းကို Virtual နည်းလမ်းဖြင့် တစ်ဦးလျှင် ၁၅ မိနစ်ကြာ တင်ပြရန် စီစဉ်ထားရှိ၍ မေးမြန်းလိုသူများသည် ဝက်ဘ်ဆိုက်ရှိ မေးမြန်းဆွေးနွေးရန် သတ်မှတ်နေရာ(Chat box)မှတစ်ဆင့် မေးမြန်းနိုင်ပြီး စာတမ်းရှင်က ပြန်လည်ဖြေကြားပေးရန် စီစဉ်ထားရှိပါသည်။ ပိုစတာများကို အီလက်ထရွန်နစ်ပိုစတာ (E- poster) ဖြင့် ပြသထားမည်ဖြစ်၍ ညီလာခံဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ရင်ဆိုင်ကြုံတွေ့ခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းအား တိုက်ဖျက်ရာတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ အလေးထားဆောင်ရွက်ခဲ့မှု၊ ပုဂ္ဂလိကကဏ္ဍများ၏ ပံ့ပိုးကူညီဆောင်ရွက်ခဲ့မှု၊ ပြည်သူလူထု၏ ကျန်းမာရေးအသိပညာ ပိုမိုနားလည်သဘောပေါက်မှုများဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြမှုများကြောင့် ကျော်လွှားခဲ့နိုင်ခြင်းအား မီးမောင်းထိုးပြသနိုင်ရန် ရည်ရွယ်၍ ယခုနှစ်သုတေသနညီလာခံ၏ အဓိကသုတေသနဦးတည်ချက်ခေါင်းစဉ် (Theme)အဖြစ် " Response to Covid-19 in Myanmar: Reflection after the Third Wave " " မျှဝေခံစား၊ အသိတိုးပွား၊ ကိုဗစ်တတိယလှိုင်း အတွေ့အကြုံများ" ဟု သတ်မှတ်ထားပါသည်။

### အကောင်းဆုံးညှိနှိုင်း အဖြေရှာ

မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းကြုံတွေ့ရစဉ် ကာကွယ်၊ ထိန်းချုပ်ကုသရာမှာ သိရှိရသော အတွေ့အကြုံများ၊ ဗဟုသုတများ၊ သင်ခန်းစာများ၊ သုတေသန လေ့လာတွေ့ရှိချက်များအား " ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းတွင် မြန်မာနိုင်ငံ၌ ကြုံတွေ့ရသော အတွေ့အကြုံများ (Experiences encountered during the third wave of COVID 19 in Myanmar) " ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် ပညာရှင်များက တင်ပြဆွေးနွေးပြီး ရရှိခဲ့သော အတွေ့အကြုံများကို အကောင်းဆုံးပြန်လည်အသုံးချလျက် ရှေ့ကာလရင်ဆိုင်ရနိုင်ဖွယ်ရှိသော ကပ်ရောဂါလှိုင်းကို တိုက်ထုတ်ကျော်လွှားနိုင်ရေးအတွက် အကောင်းဆုံးညှိနှိုင်း အဖြေရှာနိုင်ကြမည်ဖြစ်ပါသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကို အကောင်းဆုံးကာကွယ်တွန်းလှန်နိုင်မည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကိုလည်း နိုင်ငံသားများက ကျယ်ကျယ်ပြန့်ပြန့် ထိုးနှံကြဖို့ အရေးကြီးလှသည့် အားလျော်စွာ ကာကွယ်ဆေးထိုးနှံခြင်းနှင့်ပတ်သက်သည့် အတွေ့အကြုံများကို " မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရာတွင် တွေ့ကြုံရသော စိန်ခေါ်မှုများကို ကျော်လွှားခြင်း (Overcoming challenges in COVID -19 vaccination) " နှီးနှောဖလှယ်ပွဲတွင်လည်း ဆေးပညာရှင်အသီးသီးက ရှုထောင့်အမျိုးမျိုးဖြင့် ဆွေးနွေးအသိပညာ ဖလှယ်သွားမည်ဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါအပြင် မြန်မာပြည်အတွက် အရေးပါသော ကျန်းမာရေးပြဿနာဖြစ်သည့် တီဘီရောဂါကို တွန်းလှန်နိုင်ရန်နှင့် အသည်းရောင်အသားဝါဘီပိုးနှင့်ပတ်သက်သည့် မျိုးဗီဇဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးအသိပညာဖလှယ်မည့် "ဆေးယဉ်ပါး တီဘီကုထုံးသစ်များ၊ အသည်းရောင်အသားဝါဘီပိုးမျိုးကွဲများနှင့် မျိုးဗီဇပြောင်းလဲမှုများ (Myanmar- Korea Joint Symposium (2022): New insights to combat infectious diseases: BPaL DR-TB regimen and molecular approach to Hepatitis B)" နှီးနှောဖလှယ်ပွဲကို ကိုရီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် မြန်မာနိုင်ငံမှ ပညာရှင်များက ဆွေးနွေးအသိပညာ ဖလှယ်သွားမည် ဖြစ်ပါသည်။

အရည်အသွေးပြည့်ဝ၍ တောင့်တင်းခိုင်မာသော ကျန်းမာရေးလုပ်အားစု ဖြစ်ပေါ်တည်တံ့ရေးအတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ရန်ရည်ရွယ်၍ "အရည်အချင်း ပြည့်ဝသော ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်နှင့် အရည်အသွေးမီ ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်မှုအာမခံမည့် ကျန်းမာရေးပညာရှင်များအကြား ယှဉ်တွဲလေ့လာသင်ယူမှုနှင့် လက်တွေ့ပူးပေါင်းစောင့်ရှောက်မှုစနစ် (Inter-professional education and inter-professional collaborative practice: Promise for quality health workforce and quality healthcare)" နှီးနှောဖလှယ်ပွဲကို သုတေသီများ၊ ကျွမ်းကျင်ပညာရှင်များပါဝင်လျက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြမည်ဖြစ်၍ အနာဂတ်ဆေးပညာလောက အင်အားသစ်များ ပျိုးထောင်ရေးအတွက် အလွန်အကျိုးရှိမည်ဖြစ်ပါသည်။

### ဆုများ ပေးအပ်ချီးမြှင့်မည်

ညီလာခံတွင် တင်သွင်းလာသည့်စာတမ်းများမှ အကောင်းဆုံးအခြေခံသုတေသန (Basic Research) စာတမ်းတစ်စောင်၊ အကောင်းဆုံးလက်တွေ့အသုံးချသုတေသန (Applied Research) စာတမ်းတစ်စောင်၊ အကောင်းဆုံးကျန်းမာရေးစနစ် သုတေသန (Health Systems Research) စာတမ်းတစ်စောင်နှင့် ပိုစတာများမှ အကောင်းဆုံး ပိုစတာတစ်စောင်၊ စုစုပေါင်း လေးစောင်ကိုလည်းကောင်း၊ လူငယ်သုတေသီဆု သုံးခုအတွက် အခြေခံသုတေသန စာတမ်းတစ်စောင်၊ လက်တွေ့ အသုံးချသုတေသန စာတမ်းတစ်စောင်၊ ကျန်းမာရေးစနစ်သုတေသန စာတမ်းတစ်စောင် စုစုပေါင်း သုံးစောင်ကိုလည်းကောင်း၊ အကောင်းဆုံးစာတမ်းဆု ရွေးချယ်ရေးဆပ်ကော်မတီက အသီးသီးရွေးချယ်၍ ဆုများပေးအပ်ချီးမြှင့်သွားရန် စီစဉ်ထားပါသည်။ စာတမ်းတင်သွင်းကြသည့် သုတေသနပညာရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုအလေးထားသည့်အနေဖြင့် ဆုရရှိသူ သုတေသီများအား ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်မည်ဖြစ်ပါသည်။

သုတေသနစာတမ်းရှင်များသည် ဆေးသုတေသနဦးစီးဌာနမှ ထုတ်ဝေသည့် မြန်မာ့ကျန်းမာရေးသိပ္ပံသုတေသနဂျာနယ် (Myanmar Health Sciences Research Journal)သို့ ပေးပို့လိုပါကလည်း ဂျာနယ်သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်လျက် ဂျာနယ်၏ website (https://mhsrj-moh.dmr.gov.mm)သို့ အင်တာနက်မှတစ်ဆင့် စာတမ်းတင်သွင်းခြင်း (Online submission)ဖြင့် ပေးပို့နိုင်ပါသည်။ ပေးပို့သောစာမူများကို ပညာရပ်အလိုက် ပြည်တွင်းပြည်ပမှ ပညာရှင်များက စနစ်တကျ အကဲဖြတ်စိစစ်ပြီးနောက် ပုံနှိပ်ထုတ်ဝေခြင်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။ ဤသုတေသနဂျာနယ်ကို ရည်ညွှန်းကိုးကားဖော်ပြခြင်း (Citation) ပြုလုပ်ခြင်းသည် ဂျာနယ်ကို ကမ္ဘာ့အဆင့်သို့ တက်လှမ်းနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် အထောက်အကူတစ်ရပ်ဖြစ်စေသဖြင့် သုတေသီများက မြန်မာ့ကျန်းမာရေးသိပ္ပံသုတေသနဂျာနယ်သို့ တင်သွင်းပုံနှိပ်ဖော်ပြပေးစေရေးအတွက် တိုက်တွန်းပါသည်။

### ဆက်သွယ်မေးမြန်းနိုင်

ညီလာခံသို့ တစ်နေ့တာတင်သွင်းဖတ်ကြားခဲ့သည့် သုတေသနစာတမ်းများနှင့် ပတ်သက်၍ ပြန်ကြားရေးဆပ်ကော်မတီမှ သတင်းမီဒီယာများ သိလိုသည်များကို ဖြေကြားပေးမည်ဖြစ်ပါသည်။ ပိုမိုအသေးစိတ်သိရှိလိုပါက သုတေသနစာတမ်း တင်သွင်းသူ အဓိကသုတေသီပညာရှင်နှင့် သတင်းမီဒီယာတို့ ဆက်သွယ်မေးမြန်းနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**ဤသုတေသနညီလာခံကြီးသို့ စာတမ်းတင်သွင်းကြမည့် သုတေသီပညာရှင်များအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆရာဝန်များ၊ ဆေးတက္ကသိုလ်များနှင့် နီးနွယ်တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ဘွဲ့လွန်သင်တန်းသားများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် သုတေသနစိတ်ပါဝင်စားသူ မည်သူမဆို မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဝက်ဘ်ဆိုက် (https://conference.myanmardmr.org)တွင် ၈-၂-၂၀၂၂ မှ စတင်၍ အခမဲ့ စာရင်းပေးသွင်းမှတ်ပုံတင်ပြီး ဝင်ရောက်ကြည့်ရှုနိုင်ပါမည်။**

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကြီးမှ သုတေသီများ၏ တင်ပြဆွေးနွေးချက်များ၊ သုတေသနဖော်ထုတ်ချက်ရလဒ်များကို ပညာရှင်များ၏ ပညာရပ်ဆိုင်ရာ မျှဝေ၊ ဆွေးနွေး၊ လမ်းညွှန်ချက်များကို အခြေပြုလျက် လက်တွေ့အသုံးချနိုင်သည်အထိ ဆောင်ရွက်သွားနိုင်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးကဏ္ဍအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

> ❒ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ ဖြင့် တရားစွဲဆိုခံရသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဦးဝင်းသိန်းအပေါ် စီရင်ချက်အမိန့်ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဦးဝင်းသိန်း၏ ဆောင်ရွက်မှုများအပေါ် အဂတိလိုက်စားမှုများရှိသောကြောင့် အရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စစ်ဆေးတွေ့ရှိချက်အရ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဦးဝင်းသိန်းသည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများက နိုင်ငံတော်သို့ လှူဒါန်းသည့် အလှူငွေကျပ် ၂၃၉ သန်းကျော်ကို ပြည်ထောင်စုအစိုးရအဖွဲ့က ထုတ်ပြန်သည့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၁၉ နှင့်အညီ ဆောင်ရွက်ခြင်းမရှိဘဲ မိမိတစ်ဦးတည်းသဘောဖြင့် ကိုယ်ရေးကိုယ်တာကိစ္စရပ်များတွင် သုံးစွဲခြင်းနှင့် ပါတီလုပ်ငန်းများတွင် သုံးစွဲထောက်ပံ့ခြင်း၊ ပဲခူးမြို့နယ်အတွင်း တပ်စွန့်လွှတ်မြေပေါ်တွင် စီးပွားရေးလုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီတစ်ခုက လုပ်ငန်းများအဆင်ပြေချောမွေ့စေရေးအတွက် ပေးအပ်သည့် ငွေကျပ်သိန်း ၁၀၀ ကို လက်ခံရယူခဲ့ခြင်း၊ ပုဂ္ဂလိကကုမ္ပဏီဥက္ကဋ္ဌတစ်ဦးထံမှ ကိုဗစ် – ၁၉ ကပ်ရောဂါ ကာကွယ်ရေးအတွက် လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀၀ ကို လက်ခံရယူပြီး အလှူငွေစာရင်းတွင် ထည့်သွင်းရေးသားမှုမပြုခြင်း၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလဆန်းပိုင်းတွင် လုပ်ငန်းရှင်တစ်ဦးမှ ပေးအပ်သည့် ငွေကျပ် သိန်း ၅၀ ကို လက်ခံရယူခဲ့ခြင်း၊ ကုမ္ပဏီပိုင်ရှင်တစ်ဦးက ပဲခူးတိုင်းဒေသကြီးအတွင်း မြေဧက ၄၀၀ ခန့်အား အခြားနည်းသုံးစွဲခွင့် လျှောက်ထားခဲ့ရာ မြေဧက ၂၀၀ ကျော်အား လုပ်ကိုင်ခွင့်ရရှိခဲ့ခြင်းကြောင့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်း ပေးအပ်သည့် မော်တော်ယာဉ်တစ်စီးကို တံစိုးလက်ဆောင်အဖြစ်လက်ခံရယူခဲ့ခြင်း၊ ဝန်ကြီးချုပ်ဟောင်း ဦးဝင်းသိန်းသည် ပြည်ထောင်စုအစိုးရ သက်ဆိုင်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး လွှတ်တော်တို့၏ တားမြစ်ကန့်ကွက်မှုများအပေါ် လျစ်လျူရှုပြီး ပဲခူးတိုင်းဒေသကြီး တည်ဆောက်ရေးလုပ်ငန်းများ ကြီးကြပ်မှု အာဏာပိုင်အဖွဲ့ Bago Region Construction Control Authority (BRCCA) ကို ၎င်းတစ်ဦးတည်း သဘောဖြင့် ဖွဲ့စည်းခဲ့ပြီး ၎င်းအဖွဲ့အား အစိုးရအဖွဲ့ အဝန်းအဝိုင်းအတွင်းရှိ မြေ၊ အဆောက်အအုံ၊ ရုံးသုံးပရိဘောဂ၊ ရေ/မီး နှင့် မော်တော်ယာဉ်တို့အား အခမဲ့သုံးစွဲခွင့်ပြုခဲ့သည့်အပြင် ဒေသတွင်းတည်ဆောက်ရေး လုပ်ငန်းများအတွက် အရည်အသွေးစစ်ဆေးခဖြစ်သော လုပ်ငန်းပမာဏ ခွင့်ပြုငွေ၏ ၂ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၁၁၃၆ သန်းကျော်အား ၎င်းအဖွဲ့၏ ဘဏ်ငွေစာရင်း၌ လက်ခံရယူခဲ့ပြီး ၎င်းအနက်မှ ဝန်ဆောင်ခအဖြစ် ၀ ဒသမ ၃ ရာခိုင်နှုန်း ဖြတ်တောက်ရယူခဲ့ခြင်းအပေါ် ကြပ်မတ်စိစစ်ရန် ပျက်ကွက်ခဲ့သဖြင့် ၎င်းသဘောနှင့် ဖွဲ့စည်းခဲ့သော BRCCA/ BRCB(T) အဖွဲ့အား ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးများကို ရရှိစေရန်အတွက် တစ်ဖက်တစ်လမ်းမှ သွယ်ဝိုက်စီမံဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ၂၀၁၇–၂၀၁၈ မှ ၂၀၁၈–၂၀၁၉ အထိ ဘဏ္ဍာနှစ်လေးနှစ်တာ ကာလအတွင်း ပိုလျှံရန်ပုံငွေများဖြင့် လျှပ်စစ်လမ်းမီးထွန်းညှိခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက် အမှတ် ၁/၂၀၁၇ တင်ဒါလုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါခေါ်ယူခြင်းမရှိဘဲ ငွေကျပ်သန်း ၂၀၀၀ ခန့် တန်ဖိုးရှိသည့် လုပ်ငန်း ၁၅ ခုအား ကုမ္ပဏီတစ်ခုတည်းသို့ လုပ်ကိုင်ခွင့်ပြုခဲ့ခြင်းကြောင့် နိုင်ငံတော် ဘဏ္ဍာငွေမှ သက်သာစေမည့် တင်ဒါပိုလျှံငွေများ နစ်နာဆုံးရှုံးစေခဲ့ခြင်းတို့ကြောင့် ဝန်ကြီးချုပ်ဟောင်း ဦးဝင်းသိန်းအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ အရ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တွင် ၂၀၂၁ ခုနှစ် ဇူလိုင် ၈ ရက်၌ တရားစွဲဆိုတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၁/၂၀၂၁ မှ ၇/၂၀၂၁ အထိ အမှု ခုနစ်မှုဖြင့် လက်ခံစစ်ဆေးခဲ့သည်။

အဆိုပါ အမှုများအပေါ် ပြစ်မှုထင်ရှားသဖြင့် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်က ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် ဝန်ကြီးချုပ်ဟောင်း ဦးဝင်းသိန်းအား ရာဇဝတ်ကြီးမှုအမှတ် ၁/၂၀၂၁၊ ၂/၂၀၂၁၊ ၃/၂၀၂၁၊ ၄/၂၀၂၁၊ ၅/၂၀၂၁ နှင့် ၇/၂၀၂၁ တို့ အတွက် အလုပ်နှင့်ထောင်ဒဏ် ၃ နှစ်စီဖြင့် ၁၈ နှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၆/၂၀၂၁ အတွက် အလုပ်နှင့်ထောင်ဒဏ် ၂ နှစ် စုစုပေါင်း အမှုခုနစ်မှုအတွက် အလုပ်နှင့်ထောင်ဒဏ် အနှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ဘဝနတ်ထံပျံလွန်တော်မူခဲ့သည့် မိုးကုတ်မြို့ ညောင်သုံးပင်ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား မြန်မာနိုင်ငံသို့ပင့်ဆောင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ဆေးရုံ၌ ဆေးကုသမှုခံယူစဉ် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည့် မိုးကုတ်မြို့ ညောင်သုံးပင်သာမဏေကျော် စာသင်တိုက် ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တွဲဖက်အကျိုးတော်ဆောင်) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိကဗဟုဇန ဟိတဓရ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တတေဇောသာရ၏ ဥတုဇရုပ်ကလာပ်တော်အား ပြန်လည်ပင့်ဆောင်ပူဇော်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် မဟာနာယကဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ အမှူးပြုသော သံဃာတော်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် မဟာနာယကဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက လေယာဉ် ဆိုက်ရောက်သည့် နေရာ၌ အသင့်စောင့်ဆိုင်း၍ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား မိုးကုတ်မြို့သို့ ပင့်ဆောင်သယ်ယူသွားမည့် မော်တော်ယာဉ်ထံသို့ သယ်ယူပင့်ဆောင်ကြရာ ဒါယကာ၊ ဒါယိကာမများက ဖူးမြော်ကြည်ညိုကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည် ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေး ထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၆ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နှင့် နောင်ချိုမြို့တို့၌ ဒေသခံပြည်သူ ၁၃၅၀၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိ မြို့နယ် ငါးမြို့နယ်၌ ဒေသခံပြည်သူ ၁၃၅၉ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်တို့၌ ဒေသခံပြည်သူ ၈၁၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၈၁၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၉၇၆၁ ဦး၊ ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၃၆၆၅ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၆၆၂၄ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၄၃၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များကပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘီးလင်းမြို့နယ်အတွင်း ကျေးလက်ကုန်ထုတ်လမ်း လေးလမ်းဖောက်လုပ်မှု ၉၀ ရာခိုင်နှုန်းခန့်ပြီးစီး

**သထုံ ဖေဖော်ဝါရီ ၁၇**

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဘီးလင်းမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက်ဖြင့် ကုန်ထုတ်လမ်းများ ဖောက်လုပ်လျက်ရှိသည်။

အဆိုပါ ကုန်ထုတ်လမ်းများ ဖောက်လုပ်ရာတွင် ဘီးလင်းမြို့နယ် တောင်ကြီးကျေးရွာ ကုန်ထုတ်လမ်းအပိုင်း (၁) အရှည်ပေ ၁၄၀၀၀၊ အကျယ် ၁၀ ပေကို မွန်မြတ်ရတနာ ကုမ္ပဏီကလည်းကောင်း၊ ကုန်ထုတ်လမ်းအပိုင်း(၂) အရှည်ပေ ၉၀၀၀၊ အကျယ် ၁၀ ပေ ကို Phoenix Eleven ကုမ္ပဏီကလည်းကောင်း၊ ကင်းရွာကျေးရွာ ကုန်ထုတ်လမ်းအရှည်ပေ ၄၉၀၀၊ အကျယ် ၁၂ ပေကို လေးကေသား ကုမ္ပဏီကလည်းကောင်း၊ ကော့ကဒွတ်ကျေးရွာ ကုန်ထုတ်လမ်း အရှည်ပေ ၁၄၅၀၊ အကျယ် ၁၂ ပေကို တော်ဝင်ခေတ်ကြိုက် ကုမ္ပဏီကလည်းကောင်း ဆောင်ရွက်လျက်ရှိသည်။ အဆိုပါကုန်ထုတ်လမ်းများ ဖောက်လုပ်နေမှု အခြေအနေကို သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးဝင်းနှင့်အဖွဲ့က ကွင်းဆင်းကြီးကြပ်လျက်ရှိပြီး ယခုအချိန်တွင် လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**မိုးဝင်း(ကျေးလက်)**

# ရေနံချောင်းမြို့တွင် မသန်စွမ်းအမျိုးသားတစ်ဦးက အများပြည်သူ စွန့်ကြဲပေးကမ်းမှုမှရရှိသောငွေကြေးများမှ စုဆောင်းထားရှိမှုဖြင့် ရေနံချောင်းမြို့ရှိ သံဃာတော်များနှင့် သီလရှင်များအား သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူမည်ဖြစ်ကြောင်း သိရှိရ

**ရေနံချောင်း ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့တွင် ဆင်းရဲနွမ်းပါးသည့် မသန်စွမ်း အမျိုးသားတစ်ဦးဖြစ်သည့် ဦးမောင်မောင်ကြည် (ရေနံချောင်းမြို့သူ၊ မြို့သားများအခေါ် "အံ့ဩပ ဗိုလ်ကြည်မောင်") သည် အများပြည်သူ၏ စွန့်ကြဲပေးကမ်းမှုမှ ရရှိသောငွေကြေးများကို စုဆောင်းထားရှိမှုဖြင့် ရေနံချောင်းမြို့ရှိ ကျောင်းတိုက် အသီးသီးတွင် သီတင်းသုံးတော်မူသော သံဃာတော်များနှင့် သီလရှင်များအား သံဃာ့ဒါန ဆွမ်းတော်ကြီး လောင်းလှူပွဲကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



အလှူရှင် "အံ့ဩပ ဗိုလ်ကြည်မောင်" သည် ရေနံချောင်းမြို့ရှိ လမ်းမများတွင် နေထိုင်ကာ တောင်းရမ်းစားသောက်သူ ဖြစ်သော်လည်း တောင်းရမ်း၍ ရရှိသောငွေကြေးများကို သူယုံကြည်သောသူဖြစ်သည့် ရေနံချောင်းမြို့ "တိုင်းကျော် လက်ဖက်ရည်ဆိုင်" ပိုင်ရှင်ထံ အပ်နှံစုဆောင်းထားပြီး စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ရေနံချောင်းမြို့ ရွှေကြာငုံရုပ် မဟာမုနိအသံမစဲ မဟာပဋ္ဌာန်း ပူဇော်ပွဲတွင် ငွေပဒေသာ အလှူငွေကျပ် သုံးသောင်းခုနစ်ထောင်ကို လည်းကောင်း၊ ရေနံချောင်းမြို့ လွတ်လပ်ရေးနေ့ စာရေးတံမဲပွဲတွင် ငွေသားနှင့် ပစ္စည်းအလှူငွေကျပ် သုံးသိန်းကို လည်းကောင်း၊ ရေနံချောင်းမြို့ရှိ ကျမ်းကိုင်ဘုရားကြီး ပြုပြင်ရာတွင် အလှူငွေကျပ် ငါးသောင်းကို လည်းကောင်း၊ စတုပစ္စယရိုးမ ဆွမ်းလောင်းအသင်း ငွေပင်ငွေရင်း အလှူငွေကျပ် တစ်သိန်းနှင့် ရေနံချောင်းမြို့အောက်ဆီဂျင်စက်ရုံ(ပရဟိတ) ဖြစ်မြောက်ရေးအတွက် အလှူငွေကျပ်သုံးသောင်းတို့ကိုလည်းကောင်း ယခင်နှစ် ကိုဗစ်ကာလအတွင်း လှူဒါန်းထားရှိပြီးဖြစ်ကာ ယခုအခါတွင် အလွန်မွန်မြတ် သော သံဃာ့ဒါန ဆွမ်းတော်ကြီးလောင်းလှူပွဲကြီးကို ငွေကျပ် ခုနစ်သိန်းကျော် အကုန်အကျခံကာ ကျောင်းတိုက် အသီးသီးတွင် သီတင်းသုံးတော်မူသော သံဃာတော်အပါး ၅၀၀ နှင့် သီလရှင် အပါး ၁၀၀ တို့အား ဆွမ်းဟင်း ငါးမျိုးဖြင့် စေတနာ သဒ္ဓါတရား ထက်သန်စွာ လှူဒါန်းသွားမည် ဖြစ်ကြောင်းနှင့် အလှူရှင်ဖြစ်သော ဆင်းရဲနွမ်းပါးသည့် မသန်စွမ်း အမျိုးသားတစ်ဦး ဖြစ်သည့် "အံ့ဩပ ဗိုလ်ကြည်မောင်"၏ ယခုကဲ့သို့ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ဆုတောင်းမှာ "ဘဝဆက်တိုင်း တောင်းရမ်းစားသောက်ရသူ မဖြစ်ပါရစေနဲ့ " ဖြစ်ကြောင်း၊ ထိုသူ၏ သံဃာ့ဒါနဆွမ်းတော်ကြီး လောင်းလှူပွဲ ဖိတ်ကြားသည့် ဖိတ်စာတွင် ဖော်ပြထားကြောင်း သိရသည်။

အဆိုပါ ဆင်းရဲနွမ်းပါးသည့် မသန်စွမ်းအမျိုးသား တစ်ဦးဖြစ်သည့် "အံ့ဩပ ဗိုလ်ကြည်မောင်"၏ ဆွမ်းတော်ကြီးလောင်းလှူပွဲတွင် ရေစက်ချ တရားနာလာရောက်သူများကို စေတနာရှင် အလှူရှင်အချို့က စုပေါင်း၍ အာဟာရဒါနများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းငြိမ်းအိ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၂-၂၀၂၂ သောကြာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** အပန်းပြေလို့စိတ်ရွှင်လန်း ဗိုးကျား ဆင်စခန်း
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၅** လူမှုစီးပွားမြင်ကွင်းများ
**၁၁:၃၀** ကလောင်စွမ်းဖြင့် ဉာဏ်အလင်းတံခါး ဖွင့်ပေးကြသူများ
**၁၂:၃၀** မြန်မာဇာတ်လမ်းတွဲ **'ရုပ်ကွက်ထဲမှာ ဒီလိုပဲ'** (အပိုင်း-၁) (ကျော်ကျော်၊ Wai လျှံ၊ ဆောင်းယွန်းစံ)
**၁၃:၃၀** MRTV National News
**၁၄:၅၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'သမိုင်းဘာသာရပ်'**
**၁၆:၃၅** လူငယ်မျိုးဆက်သစ်အစီအစဉ်
**၁၇:၁၅** တောင်ကြားလျှိုငယ်ငါးမွေးမယ်
**၁၇:၃၀** Weekly Sports Info
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာ သီရိဂေဟာ
**၁၉:၁၅** မြန်မာဇာတ်လမ်းတွဲ **'ရုပ်ကွက်ထဲမှာ ဒီလိုပဲ'** (အပိုင်း-၂) (နှလုံးသားလေးအပျံသင်စအရွယ်) (ကျော်ကျော်၊ Wai လျှံ၊ ဆောင်းယွန်းစံ)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** **'ငွေနှင်းစိုစို သီချင်းချိုချို'** တေးဂီတဖျော်ဖြေပွဲထုတ်လွှင့်မှု

**သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** Myitta Phyan Mha Lenn Senn Mal (Thida Theint)
**07:08** Mommy Cook: The Foster Mother
**07:27** Myanmar Handicrafts
**08:01** Myanmar Puppeteers (Zawgyi Dance)
**08:09** Clay Toy Pots Festival
**08:27** Discovering Tribes: Lisu- Their Life and Customs (Part-I)
**08:49** Serene and Happy Rural Life in Myanmar
**09:01** News
**09:27** Global Partnership for Brighter Future: Tuvalu Pavilion at Expo 2020 Dubai
**09:34** Tray Art Products
**09:44** TUK TUK In Myanmar (Mandalay)
**10:02** Myanmar Masterclass: Conceptual Art

**MRTV NRC**

**ပအိုဝ်းကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သံတောင်မြို့အလှနှင့် ဘွဲ့ကရင်တိုင်းရင်းသားတို့ရဲ့သဘာဝ

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
သာယာလှပသဲဖြူကျွန်းအလှ

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သြဇာသီးရဲ့အကျိုးကျေးဇူး

**ချင်း (လိုင်းဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ကင်ဆာရောဂါအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
နေပြည်တော်အထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာချင်းရိုးရာအိမ်

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ပိန်းစွယ်ဟင်းမွန်ချက်

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
Arakan Talented Star ဒီဇိုင်နာသျှတ္တရ

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ရွှေတိဂုံမြို့တော်

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ဝက်သားချဉ်ပြုလုပ်နည်း

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ခရုချက်စားကြမယ်

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၁)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အတုမှန်းသိလျက် လက်ရှိထားမှု'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၇)
**၁၁:၀၀** PR System ရှင်းလင်းပွဲ
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

**MRTV Farmers' Channel** MRTV FARMERS ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ **Education Channel** ကို ဝန္နေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ မဟာရွှေစည်ကြီးပရိယတ္တိစာသင်တိုက်သို့လည်းကောင်း **(အပေါ်ယာပုံ)**၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ မဏိရတနာကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ကြီးမြို့နယ်ရှိ အရိယဝံသမြို့ဦးကျောင်းတိုက်၊ တာချီလိတ်မြို့နယ်ရှိတောင်တန်းသာသနာပြု (ဗဟို) ကျောင်းတိုက်နှင့် မိုးမိတ်မြို့နယ်ရှိ ရွှေကျောင်းပရိယတ္တိစာသင်တိုက်တို့သို့လည်းကောင်း၊ ရေဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်ရှိ ပဋ္ဌာနတာရုံ (တိုက်သစ်) ကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့/ဦးစီးဌာနများမှသက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၂ - ၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၀၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၉၃၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၀၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၉၂၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၆၇၅/၁၆၉၀ ကျပ် | ၁၇၀၀/၁၇၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၆၈၅/၁၇၀၀ ကျပ် | ၁၇၁၅/၁၇၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၅၀/၁၆၇၅ ကျပ် | ၁၆၈၀/၁၇၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၀၅/၁၇၃၅ ကျပ် | ၁၈၁၀/၁၈၃၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၂၁ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၂ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၅ . ၂၂၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၄ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၄ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၀ . ၆၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၆၈၄ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၂၃၀၂ | ၁၈၈၈၁၄၀၀ |
| MTSH | ၃၀၀၀ | ၃၀၀၀ | ၂၁၀၈ | ၆၃၂၄၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၃ | ၅၈၅၀၀ |
| TMH | ၂၇၀၀ | ၂၆၅၀ | ၄ | ၁၀၆၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၃၀၀ | ၄၈၀၀ | ၂၀၁ | ၉၆၅၃၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၁၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျန်းမာမှု အနုပညာ

ဆရာမဲဇာ

လူအမျိုးမျိုး စိတ်အထွေထွေရှိရာမှာ အသိပညာ ဖြည့်တင်းပေးရသူအတွက် အလွန်ပင် ခက်ခဲလှပါသည်။

ဤအလုပ်ကိုမှ စွဲစွဲလမ်းလမ်း မနားမနေလုပ်ခဲ့မိသော ကျွန်တော့်အနေဖြင့် နှစ်ပေါင်းငါးဆယ်ကျော် မြှုပ်နှံထားခဲ့သော်လည်း မျှော်မှန်းရလဒ်များမှာ အသေဖြောင့်စရာ အကြောင်းမမြင်လှပါ။ စွဲစွဲမြဲမြဲ သိစေချင်သောအသိ၊ နိစ္စဓူဝ လုပ်ကြစေလိုသော အလုပ်များဖြင့် လူတစ်ဦးချင်းနှင့် လူထုအတွင်း ကျန်းမာမှုအဆင့် မြင့်စေလိုသော်လည်း လူတို့၏ လက်တွေ့ဘဝတွင် ပရိယေသန ဝမ်းစာရေးကြောင့် ကျန်းမာရေးသည် မဖျားမနာမချင်း ဦးစားပေး အဆင့် တက်မလာခဲ့ပါ။

ယခု ကမ္ဘာကြီးသည် ဖျားနာလျက်ရှိသည်။ ကိုဗစ်-၁၉ ကပ်ရောဂါမှာလည်း ပို၍ ပို၍ ဆိုးလာသည်။ ပြည်သူ့ကျန်းမာရေးအတွက် ရင်းနှီးမြှုပ်နှံဖို့ အချိန်ကျပြီဟု အော်နေကြသော ပညာရှင်များကို အားနာစရာအဖြစ်။ ကိုဗစ်ကုသဆေးတွေ ထုတ်လုပ်ရာမှာ၊ ကိုဗစ်ကာကွယ်ဆေးတွေ တီထွင်ရာမှာ ဒေါ်လာသန်းပေါင်းထောင်ချီ၍ ရင်းနှီးမြှုပ်နှံလျက်ရှိကြသည်။ စဦးတီထွင်သူ နှစ်ဦးမှာ ဒေါ်လာသန်းတစ်ထောင်ကျော်စီ ရရှိသွားပါပြီ။ ထိုကုမ္ပဏီကြီး နှစ်ခုထဲသို့ အလုအယက် ရှယ်ယာထည့်ဝင်ကြသူများမှာ ချမ်းသာလာကြလေပြီ။

ဤသို့ ကုသရေး၊ ကာကွယ်ရေးဘက်၌သာ အကျိုးအမြတ်ရှာ၍ ရင်းနှီးမြှုပ်နှံနေကြခြင်းသည် မှန်၊ မမှန်ဆိုသည့်အချက်ကို လက်တွေ့ပြသည့် အနေဖြင့် ဆင်းရဲသောနိုင်ငံများမှ ပြည်သူများ၊ ချမ်းသာသောနိုင်ငံများနေ ဆင်းရဲသူများက အဖြေပေးနေကြသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း၊ သေနှုန်းနှင့် ဗိုင်းရပ်စ်မျိုးဗီဇကွဲများ တစ်ဆင့်ပြီးတစ်ဆင့် ထွက်ပေါ်လာသည့် အဖြစ်အပျက်များ၊ ကျွမ်းကျင်လုပ်သား ရှားပါးလာသော ပြဿနာများ၊ ကိုဗစ် စိတ်ရောဂါများ၊ ကိုဗစ်နာတာရှည်ရောဂါသည်များမှအစ စာရင်းကောက်၍ မဆုံးနိုင်အောင် ရှိပါသည်။ စာရင်းကောက်၍ရသမျှ ကိုဗစ်-၁၉ ရောဂါလက္ခဏာများမှာ ၉၈ မျိုးအထိ ရှိနေသည်။ အနာမျိုး ၉၆ ပါးထက်ကျော်၍ များနေလျက် ဆေးကုဖို့အရေးမှာသာ ဦးစားပေးလျက်ရှိနေသည်။

ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေသည် ကမ္ဘာကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ခုလုံးကို ပြောင်းလဲရန် တောင်းဆိုလျက်ရှိနေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က အကြိမ်ကြိမ် နှုတ်ဖြင့် တိုက်တွန်းနေသော်လည်း လက်တွေ့ဘဝမျှဖြစ်မလာသေးပါ။ COVAX ခေါ် ပုံစံဖြင့် ကမ္ဘာပေါ်ရှိ ဆင်းရဲသောနိုင်ငံများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး မျှမျှတတ ဖြန့်ဝေရေးကိစ္စတွင်ပင် လက်တွေ့အဆင်မပြေသေးပါ။



မိမိကိုယ်တိုင်၏ ကျန်းမာရေးအတွက် "ဘယ်သူ့ကိုယုံမှတ်ပြီး ပုံအပ်ရမှာလဲ" ဟူ၍သာ မေးချင်ပါသည်။ ၃၀-၁-၂၀၂၂ ရက်နေ့ စာရင်းချုပ်အရ ကမ္ဘာ့လူဦးရေ ၇ ဒသမ ၉ ဘီလီယံအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၁၀ ဘီလီယံ ထိုးပေးပြီးဖြစ်ကြောင်း သိရသည်။ စာရွက်ပေါ်တွင် တွက်လျှင် လူတိုင်းကာကွယ်ဆေးတစ်လုံးကျ ထိုးပြီးရုံမက အလုံးရေနှစ်ဘီလီယံခန့် ပိုလျှံနေသေးသည်ဟု ဆိုနိုင်သော်လည်း ဆင်းရဲသောနိုင်ငံများရှိ လူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်ကိုသာ ထိုးပေးပြီးဖြစ်နေ၏။ ချမ်းသာသောနိုင်ငံအချို့တွင်မူ လူတစ်ဦးလျှင် လေးကြိမ်အထိ ကာကွယ်ဆေး ထိုးပြီးဖြစ်ကာ အသက် ငါးနှစ်အရွယ်အထိ ကာကွယ်ဆေးထိုးပေးနေပြီဖြစ်သည်။

ဆင်းရဲသောနိုင်ငံများတွင် ကိုဗစ်-၁၉ ကပ်ရောဂါ၏ ဖိစီးမှုများမှာ မှန်းဆ၍မရနိုင်အောင် ဆိုးရွားလျက်ရှိပါ၏။ ကိုဗစ်-၁၉ အတွက် ကာကွယ်ဆေးလည်း ထိုးခွင့်မရ၊ ကုသဆေးမှာလည်း အဝေးကြီးဖြစ်နေရုံမက ပုံမှန်ဆေးကုသမှုမျိုးပင် မလုပ်နိုင်လောက်အောင် ကျန်းမာရေးကဏ္ဍသည် ပျက်ယွင်းလျက်ရှိသည်။ ပုံမှန်သေဆုံးမှုများအပြင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုမှာ ပေါင်းရုံနှင့် မပြီးသေးပါ။

နဂိုကပင် မပြည့်မစုံ ကုသပေးနေရသော တီဘီရောဂါ၊ ခုခံကျရောဂါများအတွက် ဆေးဝါးများ သာမက ဆေးကုသမှုပေးသည့်စနစ်များပါ ထိခိုက်သွားသဖြင့် ရောဂါတိုးရုံမက ထိုသူများထံ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံရပါက ဗီဇပြောင်း ကိုဗစ်-၁၉ များ ထွက်လာနိုင်ကြောင်း တွေ့ရသည်။ ၃၁-၁-၂၂ ရက်နေ့ သတင်းအရ တောင်အာဖရိကနိုင်ငံမှ HIV ပိုးရှိသော အမျိုးသမီးတစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုးသည် ကိုးလကြာနေထိုင်ပြီး သူမ၏ ခန္ဓာကိုယ်အတွင်း ဗီဇပြောင်းလဲမှု ၂၁ ကြိမ် ဖြစ်ခဲ့ကြောင်း သိရလေသည်။ သို့နှင့် အိုမီခရွန် ဗိုင်းရပ်စ်သည် ကမ္ဘာပတ်လျက်ရှိပါပြီ။

ဆင်းရဲ၍ အာဟာရမပြည့်၊ ကျန်းမာအောင် နေဖို့ခက်၊ တစ်သက်တာစုထားသည့် နာတာရှည်ရောဂါများကြားတွင် ကိုဗစ်-၁၉ က ထပ်ပိုးဒုက္ခပေးနေသည်ကို လျစ်လျူရှုထားသော ကမ္ဘာ့လူ့အဖွဲ့အစည်းကြီးသည် ယခုကျမှ ဒဏ်ခတ်ခံနေရပေပြီ။ ဆင်းရဲသူတို့ကြားတွင် ဖြစ်လာသမျှ ကိုဗစ်မျိုးကွဲများသည် ချမ်းသာသောနိုင်ငံများသို့ တစ်ပြန်တစ်လဲ ဒုက္ခပေးလျက်ရှိပေပြီ။

လောလောဆယ်အခြေအနေအရ ဗိုင်းရပ်စ်မျိုးကွဲများနှင့် ကာကွယ်ဆေးများ၏ အားပြိုင်မှု (Variants versus Vaccines) ချိန်ခွင်လျှာတွင် ဗိုင်းရပ်စ်က အားသာနေသည်ဖြစ်၍ ကမ္ဘာ့ကပ်ရောဂါကြီး ရပ်ဆိုင်းရန် မျှော်လင့်ချက်သည် မျိုးကွဲပွားရာမှ မျိုးပျက်သွားမည့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးအပေါ်၌သာ မူတည်နေတော့၏။ အပြန်အလှန်အားဖြင့် ကမ္ဘာ့လူသားတစ်ရပ်လုံး၏ စုပေါင်းကြိုးစားမှုဖြင့် ကပ်ရောဂါကြီးကို ချုပ်ငြိမ်းစေနိုင်မည့် အခွင့်အရေးကျန်ရှိနေသေးသည်ဟု ဆိုရပေတော့မည်။

ကာကွယ်ဆေးရလာဖို့ အားကိုးနေရုံနှင့် လူသားတို့မှာ ကပ်ရောဂါကြီးကို နိုင်အောင် မကျော်လွှားနိုင်ပါ။ ရာနှုန်းပြည့်စိတ်ချရသော ကာကွယ်ဆေးများထွက်လာဖို့ စောင့်စားရမည့် ငါးနှစ်တာကာလအတွင်း ရောဂါရသေဆုံးကြရမည့်သူ များလှပါ၏။ ရောဂါဒဏ်ကို ခံနိုင်ရည်ရှိသော ကိုယ်ခံအားကို ထူထောင်ထားဖို့အတွက် အဓိကမှာ ကိုယ့်အားကိုယ်ကိုးဖို့သာ ဖြစ်ပါသည်။

အာဖရိကတိုက်တွင် များပြားလှသော ခုခံအားကျဆင်းမှု ကူးစက်ရောဂါသည်များမှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သေခြင်း၊ ရောဂါပိုး ဗီဇပြောင်းလဲမှုကို အားပေးခြင်းများရှိ၏။ ကိုယ်ခံအားကို ဖိထားသောဆေးများ မှီဝဲနေရသော လူနာများ (Immuno compromised) များမှာလည်း ဗိုင်းရပ်စ်တို့ ထင်သလိုလုပ်သမျှခံနေရ၏။ တီဘီရောဂါ၊ ဆီးချိုရောဂါ၊ အသည်းရောဂါ၊ နှလုံးရောဂါ စသည့် ရောဂါအခံရှိသူများမှာလည်း ကိုဗစ်-၁၉ ရောဂါပိုးဝင်လျှင် ထိပ်ဆုံးက သေကျေရပါ၏။ ဤအခြေအနေအရပ်အရပ်ကို ပြောင်းလဲစေရန်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ အံကိုက်ပြောင်းလဲရန် လိုနေပေပြီ။

ကမ္ဘာပေါ်တွင် ယခင်က မင်းမူခဲ့သော ကူးစက်ရောဂါအမျိုးမျိုးမှာ ကုသဆေးများ၊ ကာကွယ်ဆေးများကြောင့် လုံးဝချုပ်ငြိမ်းသွားခြင်း (ဥပမာ - ကျောက်ရောဂါ)၊ ဦးကျိုးသွားခြင်း (ဥပမာ ပိုလီယိုရောဂါ)များရှိသလို ဝမ်းနှင့်ပတ်သက်သောရောဂါအချို့မှာလည်း အလွယ်တကူ မဖြစ်ပွားခြင်း၊ ဖြစ်ပွားလျှင်လည်း ထိန်းချုပ်၍ရခြင်းတို့ ရှိခဲ့၏။ ထိုအောင်မြင်မှုများကြားထဲမှာ အချိုးအစားပြောင်းလဲသွားသော ကူးစက်ရောဂါများထက် မကူးစက်နိုင်သော ရောဂါများက လွှမ်းမိုးလာခဲ့လေသည်။

ယခုနောက်ဆုံးပေါ် ကိုဗစ် - ၁၉ ကပ်ရောဂါမှာမူ ကူးစက်တတ်သော ဗိုင်းရပ်စ်ပိုးများနှင့် မကူးစက်တတ်သော ရောဂါအခံရှိသူများ ထိပ်တိုက်တွေ့ကာ အသေအပျောက်များလျက်ရှိသည်။ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ သွေးတိုးရောဂါ စသည့်ရောဂါများ ရှိနှင့်ပြီးသူတို့အတွက် ကိုဗစ် -၁၉ ပိုးဒဏ်ကို မခံနိုင်ဘဲ သေကောင်ပေါင်းလဲခံစားရခြင်း၊ သေဆုံးရခြင်းများကို အချိန်တိုအတွင်း မယုံနိုင်စရာ တွေ့ကြုံရသဖြင့် ဆွေမျိုးများသာမက ကျန်းမာရေးဝန်ထမ်းများပါ အထူးပင်ကြေကွဲဝမ်းနည်းစွာ လက်လွှတ်လိုက်ကြရပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး အပါအဝင် ကျန်းမာရေးဆိုင်ရာကဏ္ဍမှ သတိမထားမိသည့် အချက်မှာ လူတို့၏နေထိုင်မှုဘဝဟန် (Life – Style) များပင် ဖြစ်သည်။ မြို့ပြတွင် စုဝေးရောက်ရှိလာခြင်း၊ ကျပ်ညှပ်ပွတ်သိပ်ဆင်းရဲစွာ နေထိုင်ရခြင်း၊ လူးလာခေါက်ပြန် ခရီးသွားရခြင်း စသည့် အချက်များကြောင့် ရောဂါပျံ့နှံ့မှု လျင်မြန်များပြားရုံမကဘဲ မူလ SARS COV-2 (ခေါ်) ကိုဗစ်-၁၉ မှာ ဗီဇမျိုးကွဲ တစ်မျိုးပြီးတစ်မျိုးပြောင်းကာ ကမ္ဘာပတ်လျက်ရှိ၏။ ဆင်းရဲသားလူများစုကြီး၏ လူနေမှုအဆင့်ကို ကျန်းမာရေးစနစ်နှင့်အညီ မြှင့်တင်နိုင်ပါမှ ကပ်ရောဂါအမျိုးမျိုးဒဏ်မှ စိတ်ချရဖို့ရှိ၏။ ကာကွယ်ဆေးကောင်းများမှာလည်း ပြောင်း၍ပြောင်း၍နေသော ဗိုင်းရပ်စ်ပိုးနောက်က လိုက်နေရသဖြင့် အခက်အခဲအမျိုးမျိုး ကြုံတွေ့နေရလေသည်။

ကျန်းမာရေးအဆင့်ကို မြှင့်တင်ရန်မှာ အခြေခံအကျဆုံး လူမှုရေးပုံစံများကို မပြောင်းလဲသရွေ့ သမင်မွေးရင်း ကျားစားရင်းကဲ့သို့ ဖြစ်နေမှာ အမှန်ပင်။ ဇိကုပ်၍ နတ်ပြည်တင်ရန်လည်း မဖြစ်နိုင်၊ တန်ခိုးရှင်တို့လည်း မ , မနိုင်၊ ပညာရှင်တို့လည်း မတတ်နိုင်။ မိမိကိုယ်တိုင် ပြုပြင်ပြောင်းလဲရန်အခါသာဖြစ်၍နေသည်။

ကိုယ်ခံကျန်းမာရေးကောင်းဖို့ ကြိုးစားတည်ဆောက်ထားသူများမှာ ဤကပ်ရောဂါဒဏ်ကို ကံကောင်းစွာ ကျော်လွှားနိုင်ခဲ့သည်။ ကျန်းမာရေးဌာနက ချမှတ်ထားသောစည်းကမ်းများကိုလည်း လိုက်နာ၊ ကာကွယ်ဆေးလည်း အကြိမ်ပြည့်ထိုးထားပြီးလျှင် ကိုယ်ခံကျန်းမာရေးကောင်းအောင် ကိုယ့်အားကိုယ်ကိုးရပေတော့မည်။ မိမိတို့ကိုယ်တိုင် လုပ်နိုင်သော အလုပ်အဖြစ် အကြံပြုတင်ပြခဲ့ပြီးဖြစ်သည်။

**လျှော့သုံးလျှော့**

၁။ ဆီလျှော့စားပါ။ အဝလွန်၊ အဆီပိတ်၊ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ ကာကွယ်နိုင်၏။

၂။ အငန်လျှော့စားပါ။ သွေးတိုး၊ နှလုံး၊ လေဖြတ်ရောဂါများ ကာကွယ်နိုင်၏။

၃။ အချိုမှုန့်ကဲ့သို့ သဘာဝမဟုတ်သော အရာများကို လျှော့စားပါ။ သွေးတိုး နှလုံးရောဂါမှစ၍ ကင်ဆာရောဂါများအထိ ကာကွယ်နိုင်၏။

**ဖြတ်သုံးဖြတ်**

၄။ ဆေးရွက်ကြီးအခြေခံဆေးလိပ်၊ စီးကရက်၊ ကွမ်းယာဖြတ်ပါ။ အဆုတ်ရောဂါ၊ ကင်ဆာရောဂါ၊ သွေးကြောပိတ်ရောဂါနှင့် အခြားရောဂါ ပြဿနာများစွာ ကာကွယ်နိုင်၏။

၅။ အရက်ဖြတ်ပါ။ အသည်းရောဂါ၊ ကင်ဆာရောဂါမှစ၍ လူမှုရေးပြဿနာများစွာ ကာကွယ်နိုင်၏။

၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောအရာများကို ဖြတ်ပါ။ စိတ်ရောဂါများ၊ လူမှုရေးပြဿနာများနှင့် ရာဇဝတ်မှုခင်းများစွာကို ကာကွယ်နိုင်၏။

စာမျက်နှာ ၂၁ သို့

❁ **ဆင်းရဲသားလူများစုကြီး၏ လူနေမှုအဆင့်ကို ကျန်းမာရေးစနစ်နှင့်အညီ မြှင့်တင်နိုင်ပါမှ ကပ်ရောဂါအမျိုးမျိုးဒဏ်မှ စိတ်ချရဖို့ရှိ၏။ ကာကွယ်ဆေးကောင်းများမှာလည်း ပြောင်း၍ ပြောင်း၍နေသော ဗိုင်းရပ်စ်ပိုးနောက်က လိုက်နေရသဖြင့် အခက်အခဲအမျိုးမျိုး ကြုံတွေ့နေရလေသည်**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မူဆယ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်

**မူဆယ် ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်နယ်စပ်ဒေသ၌ မူဆယ်ခရိုင် ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ် ကုသရေး ခရိုင်အဆင့် လုပ်ငန်းကော်မတီ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ပွဲကို ယမန်နေ့က မူဆယ်မြို့ရှိ ရွှေနဂါးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးက အမှာစကား ပြောကြားပြီး မူဆယ်မြို့နယ်အတွင်း ကိုဗစ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသည့် စိန်ရတနာဟိုတယ်ပိုင်ရှင် ဒေါ်စစ်စိန်နှင့် မိသားစုဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။(ဝဲပုံ)

ဆက်လက်၍ ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာကျော်မျိုးထက်က ကျန်းမာရေးဝန်ထမ်းများ၊ ကိုဗစ်ကာကွယ်ဆေးထိုးနှံရေးအဖွဲ့ ခြောက်ဖွဲ့၊ စေတနာ့လုပ်အားရှင်များနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။ **သန့်ဇင်(မူဆယ်)**



## မဘိမ်းမြို့နယ် လဝါကျေးရွာ၌ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ဖွင့်

**မဘိမ်း ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မဘိမ်းမြို့နယ် လဝါကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်က လဝါကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို မဘိမ်းမြို့နယ်ပညာရေးမှူး ဒေါ်သန်းတင်၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးကျော်မောင်မောင်အေး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်အောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါကျောင်းဆောင်သစ်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ်သိန်း ၁၀၀၀၊ ကမ္ဘောဇဘဏ်လီမိတက်က အလှူငွေကျပ်သိန်း ၂၀၀၊ FOREVER Group ကုမ္ပဏီလီမိတက်က အလှူငွေကျပ် သိန်း ၁၀၀ နှင့် ကျေးရွာအလှူရှင်များက လှူဒါန်းငွေကျပ်သိန်း ၄၀၀ စုစုပေါင်းငွေကျပ် သိန်း ၁၇၀၀ဖြင့် ဆောက်လုပ်ခဲ့ကာ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၃၀၊ အနံ ပေ ၃၀ နှင့် အမြင့် ၂၄ ပေရှိ အာစီစီနှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်း(ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

**ဆောင်သုံးဆောင်**

၇။ မျှတသော အာဟာရကို သုံးဆောင်ပါ။ ကိုယ်ခံအားကောင်း၍ ကျန်းမာမည်။

၈။ နေ့စဉ် ကိုယ်လက်လှုပ်ရှားအားကစားမှု လုပ်ဆောင်ပါ။ ရုပ်ခန္ဓာသာမက စိတ်ဖိစီးမှုဝေဒနာများ လျော့ပါး၍ အလုပ်ကောင်းကောင်းလုပ်နိုင်ပါ၏။

၉။ သတိကိုဖြစ်စေသော စိတ်၏ကျင့်စဉ်များကို ဆောင်ရွက်ပါ။ စိတ်ကောင်းရှိလျှင် သတိရှိ၏။ အမှားကင်း၏၊ ကျန်းမာခြင်း ချမ်းသာခြင်းကိုဖြစ်စေ၏။

မြန်မာနိုင်ငံသားတို့၏ ကျန်းမာကြံ့ခိုင်မှုကို အခြေခံ၍ အသက်ရှည်စွာ၊ အနာမဲ့စွာ ချစ်ကြည်စည်းလုံးဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတစ်ရပ်ကို ညီညွတ်စွာ ထူထောင်နိုင်မည်မလွဲပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ လုပ်ငန်းများစွာရှိသော်လည်း ဤအခြေခံအချက်လေး ကိုးချက်မှစ၍ သတိထားဦးစားပေးကာ ပြောင်းလဲကြည့်စေလိုပါသည်။

ဤအချက်ကိုးချက်ကို မပျက်မကွက် သွက်သွက်ကလေး ဆောင်ရွက်လျှင် ကျန်းမာမှု အဆင့်အတန်းမြင့်လာမည် အမှန်ပင်။ ချဉ်းကပ်ဆောင်ရွက်ပုံ နည်းလေးတစ်ခုတော့ လိုပါသည်။

ကျန်းမာမှုကိုမြှင့်တင်ခြင်းသည် အနုပညာတစ်ရပ်ဖြစ်သည်။ လူမှုရေးယဉ်ကျေးမှု၊ ဓလေ့ထုံးစံကအစ သမိုင်းနောက်ခံအထိ နားလည်ရန် လိုအပ်သည်။ ဓာတ်ခွဲခန်းတွေ၊ ဆေးခန်းတွေထဲမှာ ရှာ၍မရနိုင်ပါ။

ဆရာကြီး ဂိုအင်ကာ၏ The Art of Living အမည်ရှိ စာအုပ်သည် ဘဝနေနည်းအနုပညာကို လမ်းညွှန်ထားသည်။ ထိုသို့ ဘဝနေနည်းအနုပညာထဲမှ ကျန်းမာမှုမြှင့်တင်ခြင်းမှာလည်း အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သဖြင့် "ကျန်းမာမှုအနုပညာ" ဟူ၍ အမည်တပ်ကာ တင်ပြလိုက်ရပါသည်။ The Art of Healthy Living ဆိုပါစို့။ ။

# မိုဘိုင်းပစ္စည်းများအတွက် ဆိုက်ဘာလုံခြုံရေး စာအုပ်ငယ်ကို အခမဲ့ဒေါင်းယူနိုင်

**ရန်ကုန်  ဖေဖော်ဝါရီ ၁၇**

အာဆီယံဒေသတွင်း ဆိုက်ဘာလုံခြုံရေးအသိပညာ မြင့်မားလာစေရန်အတွက် အာဆီယံ-ဂျပန် ဆိုက်ဘာလုံခြုံရေးအဖွဲ့အစည်းများက အသိပညာမြှင့်တင်ရေးလှုပ်ရှားမှု ပူးပေါင်းဆောင်ရွက်ခြင်း (Joint Awareness Rising Activity)အနေဖြင့် "မိုဘိုင်းပစ္စည်းများအတွက် ဆိုက်ဘာလုံခြုံရေး" စာအုပ်ငယ်(Booklet)ကို အာဆီယံ ၁၀ နိုင်ငံနှင့် ဂျပန်နိုင်ငံတို့ ပေါင်းစပ်ဖန်တီးထားကြရာ ထိုစာအုပ်ကို မြန်မာနိုင်ငံကွန်ပျူတာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့(mmCERT)က မြန်မာမှုပြုဘာသာပြန်ပြီး မူရင်းနှင့်အတူ အွန်လိုင်းတွင် ဖေဖော်ဝါရီ ၃ ရက်မှစ၍ တင်ပေးထားသည်။


စုစုပေါင်း ၁၄ မျက်နှာပါသော အဆိုပါ စာအုပ်ငယ်တွင် မြန်မာနိုင်ငံအနေဖြင့် "Ransomware in Mobile Device" ခေါင်းစဉ်ဖြင့် စာမျက်နှာတစ်ခု ဖန်တီး၍ အခြားနိုင်ငံများနည်းတူ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံ ကွန်ပျူတာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့က ဖန်တီးထားသော "မိုဘိုင်းစက်ပစ္စည်းတွင် ကြုံတွေ့ရသော ငွေညှစ်သည့်ဆော့ဖ်ဝဲ" စာမျက်နှာတွင် မိုဘိုင်းဖုန်းများတွင်တွေ့ရသော ငွေညှစ်သည့်ဆော့ဖ်ဝဲသည် မိုဘိုင်းများကို အသုံးမပြုနိုင်ရန်နှင့် မိုဘိုင်းထဲရှိဖိုင်များကို အသုံးမပြုနိုင်ရန် ပြုလုပ်ပြီး ၎င်းတို့ကို အသုံးပြုလိုပါက Bitcoin ကဲ့သို့ ခရစ်ပတိုငွေကြေး(Cryptocurrency)ကို ပေးချေရကြောင်း ရှင်းလင်းရေးသားထားသည်။

အဆိုပါ ငွေညှစ်သည့်ဆော့ဖ်ဝဲများသည် အရေးကြီးသော အချက်အလက်များကို ခိုးခြင်း၊ မိမိ၏အရေးကြီးသော အချက်အလက်များကို အများပြည်သူသို့ ချပြခြင်း၊ သိမ်းထားသောဖိုင်များကို ဖျက်ပစ်ခြင်းတို့ ပြုလုပ်ပြီး ၁၁ စက္ကန့်တိုင်းတွင် စီးပွားရေး/ အဖွဲ့အစည်းတစ်ခုခုကို တိုက်ခိုက်နေသောကြောင့် မိမိမသိရှိသော အက်ပလီကေးရှင်းများကို အသုံးမပြုရန်၊ ဖိုင်အားလုံးကို ပွား၍သိမ်းဆည်းရန်နှင့် မိုဘိုင်း၏ စနစ်နှင့် လုံခြုံရေးစနစ်တို့ကို နောက်ဆုံးအခြေအနေအထိ အဆင့်မြှင့်တင်ထားရန် လိုအပ်ကြောင်းလည်း ဖော်ပြထားသည်။

ယင်းစာအုပ်တွင် နိုင်ငံအလိုက် ဖန်တီးထားသော အကြောင်းအရာများကို တစ်မျက်နှာစီ ဖော်ပြထားရာ ဘရူနိုင်းနိုင်ငံက လုံခြုံရေးစနစ်နှစ်ဆင့်အသုံးပြုခြင်း၊ ကမ္ဘောဒီးယားနိုင်ငံက မိုဘိုင်းစက်ပစ္စည်းများအတွက် စကားဝှက်အား စီမံခန့်ခွဲခြင်း၊ အင်ဒိုနီးရှားနိုင်ငံက လုံခြုံရေးစနစ် နှစ်ဆင့်အသုံးပြုခြင်း(ရုပ်ပြကာတွန်း)၊ ဂျပန်နိုင်ငံက သင်၏စိတ်ပိုင်းဆိုင်ရာလုံခြုံရေး အားနည်းချက်ကို ဖာထေးပါ၊ လာအိုနိုင်ငံက မိုဘိုင်းလုံခြုံရေးအတွက် အကြံပြုချက်၊ မလေးရှားနိုင်ငံက အွန်လိုင်းတည်ရှိမှုလုံခြုံရေး၊ မြန်မာနိုင်ငံက မိုဘိုင်းစက်ပစ္စည်းများတွင် ကြုံတွေ့ရသော ငွေညှစ်သည့်ဆော့ဖ်ဝဲ(Ransomware)၊ ဖိလစ်ပိုင်နိုင်ငံက အွန်လိုင်းသင်ကြားရေးပလက်ဖောင်းများ၊ စင်ကာပူနိုင်ငံက အီးမေးလ်ဖြင့် လိမ်လည်ငွေညှစ်မှု၊ ထိုင်းနိုင်ငံက မိုဘိုင်းကို လုံခြုံစိတ်ချအောင် ဘယ်လိုအသုံးပြုကြမလဲ၊ ဗီယက်နမ်နိုင်ငံက အခမဲ့ ဆော့ဖ်ဝဲများ စသည့် အကြောင်းအရာများကို ဖန်တီးဖော်ပြထားသည်။

PDF ဖိုင်အမျိုးအစားအဖြစ် ဖန်တီးထားသော အဆိုပါစာအုပ်ကို ဒေါင်းလုပ်ရယူလိုပါက မူရင်းဖိုင်ကို https://www.mmcert.org.mm/CyberSecurityforMobileDevices.pdf လိပ်စာနှင့် မြန်မာမှုပြုထားသော PDF ဖိုင်ကို https://www.mmcert.org.mm/CyberSecurityforMobileDevicesMyanmar.pdf ဝက်ဘ်ဆိုက်လိပ်စာတွင် ဒေါင်းလုပ်ရယူနိုင်မည်ဖြစ်သည်။

**ကိုစိုး**




mmCERT က ဖန်တီးထားသော အသိပညာပေးစာမျက်နှာ

## တယ်လီနောမြန်မာကိုရောင်းချရန် ခွင့်ပြုမိန့်စောင့်ဆိုင်းနေပြီး ပုံမှန်လည်ပတ်နေကြောင်း ထုတ်ပြန်

**ရန်ကုန်  ဖေဖော်ဝါရီ ၁၇**

တယ်လီနောမြန်မာသည် ၎င်း၏ရှယ်ယာများကို ရောင်းချခြင်းအတွက် လိုအပ်သည့် သက်ဆိုင်ရာခွင့်ပြုမိန့်ကို စောင့်ဆိုင်းနေဆဲဖြစ်ကြောင်းနှင့် တယ်လီနောမြန်မာ၏လုပ်ငန်းများမှာ ပုံမှန်အတိုင်း ဆက်လက်လည်ပတ်နေပြီး မြန်မာနိုင်ငံရှိ လူအားလုံးကို ဆက်သွယ်ချိတ်ဆက်ပေးနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း တယ်လီနောမြန်မာက ဖေဖော်ဝါရီ ၁၁ ရက်က ထုတ်ပြန်ကြေညာထားသည်။

တယ်လီနောလုပ်ငန်းစုမှ မြန်မာ၏ ရှယ်ယာများကို M1 လုပ်ငန်းစုသို့ ရောင်းချရန် ၂၀၂၁ ခုနှစ် ဇူလိုင်လက သဘောတူညီမှုရရှိခဲ့ကြောင်း၊ အရောင်းအဝယ်ကိစ္စရပ် ပြီးမြောက်ရန် သက်ဆိုင်ရာအာဏာပိုင်များထံမှ ခွင့်ပြုချက်လိုအပ်ကြောင်း၊ လက်ရှိတွင် ခွင့်ပြုချက်ကို စောင့်ဆိုင်းနေဆဲဖြစ်ကြောင်း၊ တယ်လီနောအနေဖြင့် အဆိုပါခွင့်ပြုချက်ကို တရားဝင်လက်ခံရရှိပြီးမှသာ သုံးစွဲသူများနှင့် မိတ်ဖက်ပါတနာများကို ထပ်မံအသိပေးနိုင်မည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

တယ်လီနောမြန်မာအနေဖြင့် မြန်မာနိုင်ငံရှိသုံးစွဲသူများ အချင်းချင်း ဆက်သွယ်ချိတ်ဆက်မှု မပြတ်တောက်စေရန် ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ပြီး အကောင်းဆုံးသော ကွန်ရက်ဝန်ဆောင်မှုများကို ပေးအပ်သွားနိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဟုလည်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ကိုစိုး**

New Product

## ဆမ်ဆောင်းရဲ့ ၂၀၂၂ ခုနှစ်အတွက် ပထမဆုံးစမတ်ဖုန်း Galaxy A03

Samsung Galaxy A03 ဟာ နိုင်ငံတကာဈေးကွက်မှာ ဇန်နဝါရီ ၂၁ ရက်က စတင်မိတ်ဆက်ခဲ့ပြီး ပြည်တွင်းဈေးကွက်ကို ဇန်နဝါရီလကုန်ပိုင်းမှာ စတင်ဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ ကမ္ဘာ့ဈေးကွက်မှာရော မြန်မာနိုင်ငံဈေးကွက်မှာပါ ၂၀၂၂ ခုနှစ်အတွင်း

| | |
|---|---|
| မျက်နှာပြင်အကျယ် | ၆ ဒသမ ၅ လက်မ |
| မျက်နှာပြင်အမျိုးအစား | PLS TFT |
| Resolution | 720 x 1600 pixels |
| အန်းဒရွိုက်ဗားရှင်း | Android 11 |
| CPU | Octa-core (2x1.6 GHz & 6x1.6 GHz) |
| RAM နှင့် Memory | 3/32, 4/32, 4/64, 4/128 |
| ပင်မကင်မရာ | 48 MP+ 2 MP (Dual Camera) |
| ဆယ်လ်ဖီကင်မရာ | 5 MP |
| USB | microUSB 2.0 |
| ဘက်ထရီ | Li-Po 5000 mAh |

ဆမ်ဆောင်းက စရောင်းတဲ့ဖုန်းလည်း ဖြစ်ပါတယ်။ မြင့်မားတဲ့စွမ်းဆောင်ရည်တွေ၊ ထူးခြားတဲ့နည်းပညာသစ်တွေ မပါဝင်ပေမယ့် ဈေးနှုန်းနဲ့ စွမ်းဆောင်ရည်ပိုင်း နှိုင်းယှဉ်ရင် သင့်တော်တဲ့အတွက် သာမန် အလယ်အလတ်ဖုန်းအမျိုးအစားတွေထဲမှာ ရွေးချယ်စရာတစ်ခုဖြစ်နေသလို ပြည်တွင်းဈေးကွက်မှာလည်း အထိုက်အလျောက် စိတ်ဝင်စားမှုရှိနေပါတယ်။ Galaxy A03 ဖုန်းရဲ့ အဓိကကျတဲ့ အချက်အလက်တွေကို ဖော်ပြလိုက်ပါတယ်။



တန်ဖိုးနည်းဖုန်းအမျိုးအစားဖြစ်ပေမယ့် ကိုယ်ထည်ဒီဇိုင်း လှပသပ်ရပ်ခြင်း၊ မျက်နှာပြင်အရွယ်ကြီးပြီး ရုပ်ထွက်အရည်အသွေးလည်း အသင့်အတင့်ရှိခြင်း၊ ကင်မရာပိုင်းမှာလည်း ဈေးနှုန်းနဲ့သင့်တော်ခြင်း၊ ဘက်ထရီပမာဏများခြင်း၊ ပါဝင်တဲ့ မင်မိုရီနည်းပေမယ့် မင်မိုရီကတ်စိုက်ဖို့ သီးခြားအပေါက်ပါခြင်း စတဲ့အချက်တွေကြောင့် ဂိမ်းအမြင့်တွေ ကစားချင်သူတွေကလွဲရင် သာမန်အသုံးပြုမှုအတွက် သင့်တော်တဲ့ ဖုန်းအမျိုးအစားဖြစ်ပါတယ်။ အားနည်းချက်ကတော့ လက်ဗွေစနစ်မပါခြင်းနဲ့ မျက်နှာပြင်အောက်ဘက် ဘောင်နေရာဟာ သိသိသာသာကြီးနေခြင်း ဖြစ်ပါတယ်။ နိုင်ငံတကာဈေးကွက်မှာ RAM နဲ့ မင်မိုရီ ပမာဏ လေးမျိုးခွဲပြီး ထွက်ထားပေမယ့် ပြည်တွင်းဈေးကွက်ထဲမှာတော့ နှစ်မျိုးပဲတွေ့ရပြီး 3/32GB က ကျပ် ၂၆၉၀၀၀ နဲ့ 4/64GB က ကျပ် ၃၀၉၀၀၀ ဖြစ်ပါတယ်။

**ကျော်ဇင်ဦး**

## ဟွာဝေးထုတ်ကုန်များကို ဈေးသက်သာစွာပြုပြင်နိုင်မည့် One-price-repair ဝန်ဆောင်မှု ပြုလုပ်လျက်ရှိ

**ရန်ကုန်  ဖေဖော်ဝါရီ ၁၇**

ပြည်တွင်းမှ ဟွာဝေးထုတ်ကုန်များကို သုံးစွဲသူများအတွက် သတ်မှတ်ထားသောထုတ်ကုန်များ၏ အစိတ်အပိုင်းပျက်စီးမှုများကို အထူးလျှော့ဈေးဖြင့် လဲလှယ်ပြုပြင်နိုင်မည့် one-price-repair ဝန်ဆောင်မှုကို ဟွာဝေးဆားဗစ်စင်တာများတွင် ဇန်နဝါရီ ၁ ရက်မှစ၍ ပြုလုပ်ခဲ့ကာ ဖေဖော်ဝါရီ ၂၀ ရက် အထိ ပြုလုပ်မည်ဖြစ်ကြောင်း ဟွာဝေးမှ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါဝန်ဆောင်မှုအရ သတ်မှတ်ထားသော ဟွာဝေးထုတ်ကုန်များ၏ မျက်နှာပြင်ပျက်စီးမှု၊ စက်ပြားချို့ယွင်းမှုနှင့် နောက်ကာဗာပျက်စီးမှုများအတွက် အပိုပစ္စည်းလဲလှယ်သည့် တန်ဖိုးကိုရော၊ လက်ခကိုပါ ဈေးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အစားထိုးလဲလှယ်မည့် အပိုပစ္စည်းများအတွက် မူရင်းအပိုပစ္စည်းများကိုသာ အသုံးပြုမည်ဖြစ်ပြီး ပြုပြင်မှုများအတွက် ရက် ၉၀ အာမခံကိုလည်း ရရှိမည်ဖြစ်ကြောင်း၊ ပစ္စည်းတန်ဖိုးနှင့် ပြုပြင်ခများမှာ ဖုန်းမော်ဒယ်အလိုက် ရှေ့မျက်နှာပြင် လဲလှယ်မှုအတွက် အနည်းဆုံး ကျပ်သုံးသောင်း၊ စက်ပြား လဲလှယ်မှုအတွက် အနည်းဆုံး ကျပ်လေးသောင်းနှင့် နောက်ကာဗာ လဲလှယ်မှုအတွက် အနည်းဆုံး ကျပ်နှစ်သောင်း ကျသင့်မည်ဖြစ်ပြီး စင်တာက အတည်ပြုသည့် ဝန်ဆောင်ခမှလွဲ၍ မည်သည့်အဖိုးအခမှ ထပ်မံပေးဆောင်ရန်လိုမည်မဟုတ်ကြောင်း သိရသည်။

ဖုန်းပြုပြင်မည့်သူများသည် စက်ပစ္စည်းကို စစ်ဆေးရန် သို့မဟုတ် ပြုပြင်ရန်အတွက် စင်တာသို့မပို့မီ မိမိ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ကြိုတင်သိမ်းဆည်း/ဖျက်သိမ်းပြီးမှ ပေးအပ်ရန် လိုအပ်မည်ဖြစ်ပြီး ဟွာဝေးအနေဖြင့် စက်အတွင်းရှိ အချက်လက်များ၊ ဆော့ဖ်ဝဲများ၊ အရေးကြီးဒေတာများ ပျက်စီးခြင်း သို့မဟုတ် ဆုံးရှုံးခြင်းကိုမူ တာဝန်ယူမည်မဟုတ်ကြောင်းလည်း ဟွာဝေးမှ ထုတ်ပြန်ချက်အရ သိရသည်။

**ကျော်ဇင်ဦး**




# ရောဝတီမှ နရဉ္စရာသို့ စာအုပ်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

စာရေးဆရာမောင်မိုးယံ၏ ရောဝတီမှ နရဉ္စရာသို့ ခရီးသွား မှတ်တမ်းစာအုပ်ထွက်ရှိလာသည်။

ယင်းစာအုပ်တွင် အိန္ဒိယနိုင်ငံနှင့်နီပေါနိုင်ငံရှိ ဂေါတမမြတ်စွာဘုရားရှင်၏ ဖွား၊ ပွင့်၊ ဟော၊ စံရာဒေသသို့ ၁၄ ရက်ကြာ သွားရောက်ခဲ့ရာတွင် မြတ်စွာဘုရားရှင်၏ ဘဝဖြစ်စဉ်များ ဓာတ်ပုံမှတ်တမ်း ၂၀၀ ခန့် ပါဝင်ပြီး ကိုဗစ်ကာလအတွင်း ကိုယ်တိုင်ခရီးသွားခွင့်မရသူများအနေဖြင့် ကိုယ်တိုင်လိုက်ပါကာ မြတ်ဗုဒ္ဓကို ဖူးမြော်ရသကဲ့သို့ ခံစားရေးဖွဲ့ထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ထို့အပြင် ခရီးတစ်လျှောက်မြင်တွေ့ရသော အိန္ဒိယနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပုံရိပ်များကို မြန်မာနိုင်ငံ၏ အတိတ်သမိုင်းများနှင့်ချိန်ထိုး၍ တင်ပြထားရာ အတုယူစရာ သင်ခန်းစာများကိုပါ လေ့လာနိုင်မည်ဖြစ်သည်။

အဆိုပါစာအုပ်ကို မောင်မိုးယံစာပေ၊ ရန်ကုန်မြို့ ၀၉-၅၀၀၈၆၆၃ သို့ ဆက်သွယ်ဝယ်ယူနိုင်ပြီး အွန်လိုင်းမှ မှာယူလိုပါက We distribution စာပေတိုက် ဖုန်း - ၀၉-၂၅၀၀၉၁၉၁၃ နှင့် Wun Zin စာပေတိုက် ဖုန်း- ၀၉-၂၅၀၁၄၄၉၄ သို့လည်းကောင်း၊ ရန်ကုန်မြို့ စာပေဗိမာန်စာအုပ်ဆိုင်၊ ပန်းဆိုးတန်းလမ်း၊ ရာပြည့်စာအုပ်ဆိုင်၊ အင်း၀၊ စာပေ လောကစာအုပ်ဆိုင်များတွင်လည်းကောင်း တန်ဖိုး ငွေကျပ် ၆၀၀၀ ဖြင့် ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

သတင်းစဉ်

စာပေမြင့်မှ လူမျိုးတင့်မည်




# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း(Mask) ၉ ဒသမ ၅၁ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ၁၀မိုင်ကုန်း၊ နဝဒေးလမ်း၊ အိမ်အမှတ် ၁၉ဟုခေါ်တွင်သော ရေိယာ အကျယ်အဝန်းအလျား ပေ၇၀x အနံ ပေ ၆၀ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသန်းထွန်း ၁၂/အစန(နိုင်)၁၆၄၈၅၇ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးထွေးမောင်မောင် ၃/ကကရ(နိုင်)၀၆၉၁၉၃က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးရဲဝင့်နောင်(LL.B) ဒေါ်ဇာခြည်လှိုင်(LL.B,D.I.L)
(အထက်တန်းရှေ့နေ၊စဉ်-၄၁၀၂၇) (အထက်တန်းရှေ့နေ၊စဉ်-၅၃၉၃၅)
ဖုန်း-၀၉-၅၀၇၁၄၃၁ ရှေ့နေများရုံးခန်း၊စုပေါင်းရုံးကြီး၊အင်းစိန်မြို့နယ်

# ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# အင်တာမီလန်ကို အနိုင်ယူပြီး နောက်တစ်ဆင့်တက်ရောက်ရေးအခြေအနေကောင်းတစ်ခု လီဗာပူး ပိုင်ဆိုင်ခဲ့

ယူအီးအက်ဖ်အေချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ ပွဲစဉ်အဖြစ် စီးရီးအေကလပ် အင်တာမီလန်အသင်းနှင့် ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းတို့ ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက အင်တာမီလန်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး နောက်တစ်ဆင့် တက်ရောက်ရေး အခြေအနေကောင်းတစ်ခု ပိုင်ဆိုင်ခဲ့သည်။

